ကြေးမုံ
The Mirror Daily
၁၉၅၇ ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ သောကြာနေ့။ Friday, 27 August 2021 ၁၀၄၇၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကို ပြည့်မီရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ကြိုးပမ်းဆောင်ရွက်နေ

**ရန်ကုန် ဩဂုတ် ၂၆**

ပြည်ပသို့ ရေထွက်ကုန်တင်ပို့ရာတွင် ကုန်တင်သင်္ဘောများလိုအပ်ချက်ကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရေထွက်ကုန်တင်ပို့မှု ပုံမှန်လည်ပတ်ခဲ့ရာ ၂၀၂၀- ၂၀၂၁ ကာလ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရရှိခဲ့သည့် အမေရိကန်ဒေါ်လာ ၇၁၅ ဒသမ ၃၃၇ သန်းကို ပြည့်မီရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

**ပြည့်မီရန်ဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံမှ ရေထွက်ကုန်များ ပြည်ပသို့ တင်ပို့ရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ အမေရိကန်ဒေါ်လာ ၇၁၅ ဒသမ ၃၃၇ သန်းရရှိခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကာလတွင် ဩဂုတ် ၈ ရက်ထိ အမေရိကန်ဒေါ်လာ ၆၅၀ ဒသမ ၃၆ သန်း ရရှိထားရာ ယမန်နှစ် ဘဏ္ဍာနှစ်ကို ပြည့်မီရန် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၅၀၁ သန်း လိုအပ်သောကြောင့် ရေချို/ရေငန်ရေထွက်ကုန်ပစ္စည်းများ အရှိန်မပျက်

စာမျက်နှာ ၃ ကော်လံ ၅ သို့



မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ကုန်တင်သင်္ဘောများဖြင့် ရေထွက်ကုန်အပါအဝင် ကုန်စည်စီးဆင်းနေမှုကို တွေ့ရစဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၂၆

| | | |
|---|---|---|
| ဘီးလင်း | ၇ ဒသမ ၆၀ | လက်မ |
| ခန္တီး | ၇ ဒသမ ၃၇ | လက်မ |
| ချောင်းဆုံ | ၇ ဒသမ ၀၅ | လက်မ |
| သထုံ | ၆ ဒသမ ၄၅ | လက်မ |
| မောင်တော | ၅ ဒသမ ၄၇ | လက်မ |
| ဖောင်းပြင် | ၄ ဒသမ ၈၈ | လက်မ |
| ကျိုက်မရော | ၄ ဒသမ ၇၂ | လက်မ |
| လောင်းလုံး | ၄ ဒသမ ၅၇ | လက်မ |
| အမ်း | ၄ ဒသမ ၄၉ | လက်မ |

## ကြေးမုံ ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးသော့ချက်အား ဖွင့်လှစ်ခြင်း
စာမျက်နှာ » ၆

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့် ဆေးပစ္စည်းများ၊ သားငါးများအား စျေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကား ရောင်းချပေးသည့်အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ
စာမျက်နှာ » ၇



ကန္တာရဝတီငွေတောင်ပြည်၏ ကျေးလက်လမ်း/တံတား ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်ချက်များ
စာမျက်နှာ » ၁၆

ကြေးမုံ

# အပြစ်ကြီးမား မုသာဝါဒအလိမ်အညာစကား

အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ် (မ-၂၊ ၇၈) တွင် "ချစ်သားရာဟုလာ မုသားဆိုရင် ရယ်ဖွယ်အဖြစ်တောင်မပြောနဲ့၊ လိမ်ဝံ့တဲ့သူဟာ မလုပ်ရဲသော အကုသိုလ်ဟူ၍မရှိ၊ မှောက်ထားသောရေခွက်မှာ ရေတစ်စက်မှမကျန်၊ ဘာမျှမရှိတော့သလို ထိုလိမ်ဝံ့သူ၌ အရည်အချင်းကောင်းဟူသမျှ ဘာမျှမရှိနိုင်တော့ချေ" ဟု မြတ်စွာဘုရားရှင်က သျှင်ရာဟုလာအား ဆုံးမသွန်သင်ထားသည်။ မုသာဝါဒမလုံခြုံသူသည် မည်သည့်ပြစ်မှုမျိုးကိုမဆို အလွယ်တကူ ကျူးလွန်နိုင်သူဖြစ်၍ အထူးသတိပြုဆင်ခြင်ရှောင်ရှားရမည်ဖြစ်သည်။

လူတို့ကျင့်သုံးအပ်သော ကံငါးပါးတွင် မုသာဝါဒကံသည် အလွယ်ကူဆုံး ဖောက်ဖျက်ကျူးလွန်နိုင်သော ကံတစ်ပါးဖြစ်သည်။ လူတို့အနေဖြင့် မုသာဝါဒအမှုကို သေးငယ်သောအမှုဟူ၍ လွယ်လွယ်ကူကူကျူးလွန်တတ်ကြသည်။ သို့သော် မုသာဝါဒအမှုမှာ မသေးငယ်လှပေ။ အပြစ်အားဖြင့်လည်းကောင်း၊ ကိုယ်ရည်ကိုယ်သွေးအားဖြင့်လည်းကောင်း အကျိုးသက်ရောက်မှုကြီးမားသဖြင့် မုသားစကားဆိုလျှင် ပြက်ရယ်ပြုသည့်အနေဖြင့်ပင် မပြောမိစေရန် ဘုရားရှင်က သတိပေးထားသည်။ မုသာဝါဒသည် လူ့မနောမှ ဖြစ်ပေါ်လာသော နှုတ်ဝစီအမှုဖြစ်သည်။ မဟုတ်မမှန်သောအကြောင်းအရာဖြစ်ခြင်း၊ မဟုတ်မမှန်ပြောလိုစိတ်ရှိခြင်း၊ ပြောလည်းပြောခြင်း၊ ပြောသည့်အတိုင်း သူတစ်ပါးတို့ယုံကြည်ခြင်း စသည့်အင်္ဂါလေးခုနှင့်ညီပါက မုသာဝါဒကံမြောက်သည်။

မုသာဝါဒသည် သူတစ်ပါးအား ထိခိုက်စေသည့် လိမ်ညာသောအမှုဖြစ်မှသာ အကုသိုလ်ဖြစ်စေသည်မဟုတ်ပေ။ မဟုတ်မမှန်သောမည်သည့်စကားမဆို အကုသိုလ်ဖြစ်စေသည်။ မုသာဝါဒသည် ပါးစပ်တစ်ခုဖြင့် အလွယ်တကူကျူးလွန်နိုင်သောကံဖြစ်၍ ပါးစပ်နှင့်ပင် မလုပ်ရဲသောအကုသိုလ်ဟူ၍ မရှိတော့ပေ။ ပါးစပ်ဖြင့် အကုန်ကျူးလွန်ပေတော့သည်။ ကျည်ဖြင့်ပစ်ရသောသေနတ်သည် လူတစ်ဦးတစ်ယောက်၏အသက်ကိုသာ သေစေနိုင်သော်လည်း ပါးစပ်သေနတ်နှင့်ပစ်လျှင်မူ လူ့အသက်ပေါင်းများစွာ သေကျေပျက်စီးနိုင်သည်ကို ယနေ့ကာလ၌ တွေ့မြင်နေရသည်။ မျက်မှောက်ကာလ၌ ဆိုရှယ်မီဒီယာများပေါ်တွင် နိုင်ငံရေးကို အကြောင်းပြု၍ မမှန်သတင်းများ၊ ကောလာဟလသတင်းများ၊ ပုံကြီးချဲ့ထားသောသတင်းများ၊ အမှန်တရားမှသွေဖည်သည့် ဘက်လိုက်သတင်းများကို နေ့စဉ်မြင်တွေ့နေရသည်။

မသမာသူတို့သည် ၎င်းတို့၏ရည်မှန်းချက်၊ ၎င်းတို့၏ အလိုဆန္ဒအတွက် မုသာဝါဒကို လက်နက်သဖွယ်အသုံးပြုလာကြသည်။ ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်အောင်၊ စိုးရိမ်ထိတ်လန့်မှုဖြစ်အောင်၊ စိတ်ခံစားချက် မြင့်မားလာအောင်၊ အသိအမြင်လွဲမှားပြီး လမ်းမှားပေါ်သို့ရောက်အောင်၊ အဖျက်လုပ်ငန်းများ ပိုမိုကြီးထွားလာအောင် အခြေအနေတစ်ရပ်၊ ဖြစ်စဉ်တစ်ရပ်အပေါ်မူတည်၍ ပြောင်ကျကျ လိမ်ညာမှုများ သို့မဟုတ် ပိုမိုသိမ်မွေ့စွာဖြင့် အချက်အလက်အမှားများ၊ အပိုများ ထည့်သွင်းခြင်းဖြင့် စိတ်ဓာတ်စစ်ဆင်ရေးသဘော ပြုလုပ်လာကြသည်။ မုသာဝါဒကို အခြေခံ၍ အမျိုးမျိုးပုံဖော်မှုများ ပြုလုပ်လာကြသည်။ ဆိုရှယ်မီဒီယာများပေါ်တွင် အကြောင်းအရာတစ်ရပ်ပေါ်သည်နှင့် မုသာဝါဒအကုသိုလ်အမှုကို အဆစ်ယူကြသူ အများအပြားတွေ့ရသည်။

လူမှုကွန်ရက်ပေါ်၌ သတင်းတု၊ သတင်းမှား၊ အလိမ်အညာလှည့်ဖြားမှုများအား တမင်ရည်ရွယ်ချက်ရှိရှိ ဖြန့်ချိနေမှုများသည် မြန်မာနိုင်ငံသာကြုံတွေ့နေရသည် မဟုတ်။ ကမ္ဘာတစ်ဝန်းတွင်လည်း ရင်ဆိုင်နေရသည့် ပြဿနာဖြစ်သည်။ ထို့ကြောင့် မုသားကမ္ဘာဟုပင် ခေါ်ဆိုလာကြသည်။ သတင်းအတု၊ လိမ်ညာလှည့်ဖြားသော အကြောင်းအရာများသည် ရည်ရွယ်ချက်ရှိရှိ တစ်ဖက်ထိခိုက်နစ်နာအောင် ဦးတည်သောလုပ်ဆောင်မှုဖြစ်သည်။ ယင်းတွင် ငွေကြေးရရှိရန်၊ ကိစ္စတစ်ခုခုအတွက် အောင်မြင်ရန် သို့မဟုတ် သြဇာအာဏာထူထောင်နိုင်ရန်နှင့် အဆိုပါသတင်းကြောင့် ပြဿနာကြီးထွားလာစေရန်ဟူသည့် စေ့ဆော်မှု လှုံ့ဆော်မှုဖြစ်သည်။ ကောလာဟလဆိုသည်မှာ မှန်ကန်သောအချက်အလက်ဖြစ်စေ၊ မမှန်ကန်သောအချက်အလက်ဖြစ်စေ၊ သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ အဆင့်ဆင့်ဖြန့်ဝေခြင်းဖြစ်သည်။

CDM အမြောက်အမြား ပြုလုပ်ကြသည်ဟုလည်းကောင်း၊ CDM ပြုလုပ်သူများကို ငွေကြေးထောက်ပံ့တော့မည်ဟုလည်းကောင်း၊ CDM ပြုလုပ်လျှင် ဆုချီးမြှင့်မည်ဟုလည်းကောင်း၊ ပြည်သူများကို အကြောင်းမဲ့နှိပ်စက်နေသည်ဟုလည်းကောင်း၊ အောင်ပွဲကြီးရတော့မည်ဟုလည်းကောင်း၊ တစ်သောင်းတန်ငွေစက္ကူ ဖျက်သိမ်းတော့မည်ဟုလည်းကောင်း၊ ကာကွယ်ဆေးထိုးလျှင် အသက်သေဆုံးသည်ဟုလည်းကောင်း စသည့်မုသာဝါဒစကားများကိုအသုံးချ၍ စိတ်ဓာတ်စစ်ဆင်ရေးပြုလုပ်လာကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ထိုမုသာဝါဒအပြစ်ကား ကြီးမားလွန်းလှပါသည်။ လူတစ်ဦးတစ်ယောက်ကို ထိခိုက်ပျက်စီးစေရန် ဆောင်ရွက်ခြင်းမဟုတ်ဘဲ တစ်တိုင်းပြည်လုံးပျက်စီးစေရန် လုပ်ကြံခြင်းဖြစ်၍ အလွန်အပြစ်ကြီးလှပါသည်။

သို့ဖြစ်ရာ အလွန်အပြစ်ကြီးမားလှသော မုသာဝါဒ မမှန်သတင်းစကား၊ အပိုသတင်းအကြွားများကို နားယောင်မိလျှင် မိမိတို့တွင် မုသာဝါဒအပြစ်ကို အဆစ်ယူသကဲ့သို့ ဖြစ်နိုင်သဖြင့် မမှန်သတင်း၊ လုပ်ကြံသတင်းများကို အသိတရား၊ ဆင်ခြင်နိုင်အားနှင့် အသိအမြင်ဗဟုသုတကြွယ်ဝမှုများဖြင့် ကာကွယ်ပြီး ကြီးမားသော အကုသိုလ်အမှုမဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

**နေပြည်တော် ဩဂုတ် ၂၆**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်အသံအချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် ၂၆-၉-၂၀၂၁ ရက်မှ ၆-၁၀-၂၀၂၁ ရက်အထိ နေ့စဉ် သုံးမိနစ်မှ ၁၈ မိနစ်ခန့်အထိ Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုက်မရောမြို့နယ် ရွေးဟောင်းသမိုင်းဝင် မဟာဖားဘောင်လိုဏ်ဂူတော် အဝင်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် လမ်းတာပေါင်အကာအကွယ်နံရံ တည်ဆောက်ခြင်းလုပ်ငန်းပြီးစီး

**နေပြည်တော် ဩဂုတ် ၂၆**



၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၇၇ ဒသမ ၀၀၃ သန်းဖြင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် တရနာ-ဘုရားကုန်း လမ်းမကြီးမှ မဟာဖားဘောင်လိုဏ်ဂူတော်အထိ ၁ မိုင် ၂ ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ပြည်ထောင်စုရန်ပုံငွေကျပ် ၆၉ ဒသမ ၆၂၇ သန်းဖြင့် ဆောင်ရွက်ခဲ့သည်။

အဆိုပါလမ်း ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် လမ်းတာပေါင် အကာအကွယ်နံရံနှင့် Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများ၊ ဘုရားဖူးဧည့်သည်များ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၆ - ၈ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၃,၇၉၂ | ၃၃,၆၈၈,၈၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၁,၄၂၄ | ၄,၆၃၀,၆၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၁ | ၂၀,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၆ | ၂၉,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၂၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၆၃.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၅၅.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၆.၄၉ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၈၁၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၉၆.၄၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၄၀၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၀၆.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၂၉.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၁၀.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၀၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စက်ရုံများ စက်စွမ်းရည်ပြည့်ဝစွာ ထုတ်လုပ်နိုင်ရေး

**ပြည်ပနိုင်ငံများမှ ဘီလပ်မြေများ တစ်နှစ်လျှင် တန်ချိန် တစ်သန်းခန့် တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံများမှ တစ်နှစ်လျှင် တန်ချိန် ခုနစ်သန်းခန့်သာ ထုတ်လုပ်နိုင်ကြောင်း၊ စက်ရုံများစွမ်းအားပြည့် အပြည့်အဝလည်ပတ်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်ချက်အား လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဖြစ်၍ ပြည်ပငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံများ စက်စွမ်းရည်ပြည့်ဝစွာ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်မှလိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘီလပ်မြေများ၏ အရည်အသွေးပြည့်မီရေးအတွက်လည်း သက်ဆိုင်ရာ အဖွဲ့အစည်းက သတ်မှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဒိုက်ဦးကော်မှုန့်စက်ရုံနှင့် သာဂရစက်မှုနယ်မြေတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ရှိ ကော်မှုန့်စက်ရုံကို ကြည့်ရှုစစ်ဆေးရာ(ယာပုံ) စက်ရုံတာဝန်ခံက လုပ်ငန်းဆောင်ရွက်နေသည့် အစီအမံတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ **"စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို အားပေးရန်နှင့် စိုက်ပျိုးရေးပစ္စည်းများကို အခြေခံသည့် ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်၊ စီးပွားရေးလုပ်ဆောင်မှုတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုလိုအပ်သော်လည်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို အားပေးရန်၊ အထူးသဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းရှိ SME များကို အားပေးဆောင်ရွက်ရန်"** လမ်းညွှန်ထားပါကြောင်း။

ထို့ကြောင့် စက်ရုံပိုင်မြေကွက်လပ်များတွင် ရာသီဥတုနှင့် ကိုက်ညီသည့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးရန်နှင့် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်ဆောင်ရွက်ရန်၊ လက်ရှိအချိန်တွင် စက်ရုံ၌ ထုတ်လုပ်လျက်ရှိသည့် အရက်ပြန်များကို ကောင်းမွန်သောထုတ်လုပ်မှုနည်းစဉ် GMP Guideline များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့် အရက်ပြန်များကို ယခုထက် ပိုမိုထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးကောင်းမွန်ပြီး စံချိန်စံညွှန်း ပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန်၊ စက်ရုံပိုင်မြေ၊ အိမ်ရာအဆောက်အအုံ၊ စက်ပစ္စည်း စသည့် ပုံသေပိုင်ပစ္စည်းများ စီမံခန့်ခွဲမှု အစီအမံများကို အလေးထားဆောင်ရွက်ရန်နှင့် စက်ရုံပိုင်မြေဧရိယာလုံခြုံရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်းရှိ ယခင်ကအချိုမှုန့်နှင့် ကော်မှုန့်ထုတ်လုပ်ခဲ့သည့် စက်ပစ္စည်းများနှင့် အရက်ပြန်များ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သာဂရစက်မှုနယ်မြေသို့ ရောက်ရှိပြီး အမှတ်(၁၄) အကြီးစားစက်ရုံ၊ အမှတ်(၁၅)အကြီးစားစက်ရုံနှင့် အမှတ်(၂၆) အကြီးစားစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ရွေ့လျားဈေးကား ရောင်းချနေမှုနှင့် သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၇ နာရီက သာကေတမြို့နယ် ၂/မြောက်ရပ်ကွက်ရှိ သဒ္ဓါရုံ/မင်းနန္ဒာအိမ်ရာဝင်း၌ ရွေ့လျားဈေးကား(Mobile Market) စနစ်ဖြင့် ကုန်စိမ်းများ၊ မီးဖိုချောင်သုံးကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန်အမျိုးမျိုးတို့ကို ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် သဒ္ဓါရုံလမ်းနှင့် သစ္စာလမ်း လမ်းဘေးဝဲ/ယာရှိ ရေမြောင်းများအတွင်း အမှိုက်များ၊ မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှု၊ အမှတ်(၁) မိတ္တဗလမြစ်ထွက်ပေါက်မှတစ်ဆင့် ပုဇွန်တောင်ချောင်းအတွင်း စီးဝင်သော ဇောတာရုံလမ်း မြောင်းတစ်လျှောက် Excavator ယာဉ်ဖြင့် တူးဖော်ရှင်းလင်းနေမှု၊ သစ်ပင်ကြီးများ၏ အကိုင်းအခက်များ ပုံသွင်းခုတ်ထွင်နေမှု၊ မြက်ပင်များ ရှင်းလင်းနေမှု၊ ရပ်ကွက်အတွင်း လမ်းများတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း။

ဒေါပုံမြို့နယ် ရှုခင်းသာလမ်းမကြီးပေါ်ရှိအမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်းဝင်းနှင့် ကျောင်းရှေ့ရှိ မြက်ပင်နှင့် ချုံနွယ်များ ဖယ်ရှားရှင်းလင်းနေမှု၊ မဟာဗန္ဓုလတံတားအဆင်း လမ်းဘေးရေမြောင်းများ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန် ဆယ်ယူနေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီမှထုတ်ဝေသည့် အသိပညာပေးဗီနိုင်းပိုစတာများကို ဒေါပုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**○ ရှေ့ဖုံးမှ**

လည်ပတ်မှုဖြင့် ယခင်ဘဏ္ဍာနှစ်ကိုပြည့်မီရန် ဆောင်ရွက်လျက်ရှိသည်။

"ပထမရေထွက်ကုန်တင်ပို့မှုမှာ ကွန်တိန်နာသင်္ဘောအခက်အခဲရှိလာတော့ နိုင်ငံတော်ရဲ့ ဖြည့်ဆည်းဆောင်ရွက်မှုနဲ့ OSS ကို တင်လိုက်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရဲ့ ဆောင်ရွက်ပေးမှုနဲ့ ဇွန်လပိုင်းကစပြီး ကွန်တိန်နာသင်္ဘောတွေ အဆင်ပြေလာတယ်။ ပြီးတော့ ငါးလုပ်ငန်းနဲ့ပတ်သက်ပြီး ကိုဗစ်-ရောဂါကာကွယ်ဆေးကို နိုင်ငံတော်က ထိုးနှံပေးမယ်ဆိုတော့ ရေထွက်ကုန်ဝယ်လက်နိုင်ငံတွေလည်း ကျန်းမာရေးအတွက် စိတ်ချမှုရှိလာတယ်။ တိုင်းပြည်မှာ စီးပွားရေးလုပ်ငန်းတွေ ရပ်မသွားဖို့ အရေးကြီးတယ်။ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍအပါအဝင် သက်ဆိုင်ရာကဏ္ဍတွေ တာဝန်ကျေဖို့လိုမယ်။ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ လုပ်ငန်းပုံမှန်လည်ပတ်ဖို့ ခံယူထားပါတယ်။ ပုံမှန်နီးနီးလည်း လည်ပတ်နေပါပြီ။ ငါးလုပ်ငန်းနဲ့ပတ်သက်တဲ့ ကဏ္ဍအားလုံးကိုလည်း ကျေးဇူးတင်တယ်။ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်ကို ပြည့်မီအောင် ဒီနှစ်ဘဏ္ဍာနှစ်မှာ ကျန်တဲ့နှစ်လတာနီးပါးအတွင်း ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

ရေထွက်ကုန် ၁၇၅ မျိုးတွင် ဈေးကွက်ဝင်ရေထွက်ကုန်များကို နိုင်ငံမျိုးစုံသို့တင်ပို့လျက်ရှိပြီး ရေချို၊ ရေငန်ထွက်ကုန်ဖြစ်သော ငါး၊ ပုစွန်၊ ငါးရှဉ့်၊ ကဏန်းကို အဓိကထား တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်တင်ပို့ရာတွင် ၁၀ လအတွင်း အမေရိကန်ဒေါ်လာ ၆၅၀ ဒသမ ၈၃၆ သန်းရရှိခဲ့ပြီး တစ်လလျှင်ပျမ်းမျှဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၆၅ သန်းရရှိခဲ့သောကြောင့် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်ကာလ၌ ကျန်ရှိသော တစ်လနှင့် သုံးပတ်အတွင်း ယခင်နှစ်ဝင်ငွေကို ပြည့်မီရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**



## မော်လမြိုင်မြို့ မြဆည်းဆာ ဘိုးဘွားရိပ်သာတွင် သက်ကြီးဘိုးဘွားများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**မော်လမြိုင် ဩဂုတ် ၂၆**

မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ မြဆည်းဆာ ဘိုးဘွားရိပ်သာတွင် အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွား ၄၁ ဦးကို ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပရဟိတစေတနာ့ဝန်ထမ်းများက ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးမှုကို ကြည့်ရှု၍ အားပေးစကားပြောကြားပြီး အာဟာရဖြည့် အစားအစာများ လှူဒါန်းပေးသည်။

**ဆောက်လုပ်လှူဒါန်း**

ဆက်လက်၍ မြဆည်းဆာ ဘိုးဘွားရိပ်သာတွင် အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဦးလှထွန်း မိသားစု (ကိုလှထွန်း ရေတိသီးမှုန့်လုပ်ငန်း) မှ စုစုပေါင်းလှူဒါန်းငွေကျပ် သိန်းတစ်သောင်း ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းသည့် ဓမ္မာရုံ၊ နှစ်ထပ်သံဃာဆောင်၊ ဆွမ်းစားဆောင်နှင့် ဘိုးဘွား ရိပ်သာဆေးရုံတို့ ဆောက်လုပ်နေမှုကို ကြည့်ရှုသည်။

မွန်ပြည်နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၉၅၀၀၀ ကို ထိုးနှံပေးခဲ့ပြီးဖြစ်ရာ ယခုထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများကို မော်လမြိုင်မြို့နယ် အပါအဝင် သက်ဆိုင်ရာမြို့နယ်များအလိုက် သတ်မှတ်နေရာများ၌ ဩဂုတ် ၂၇ ရက်မှစ၍ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဝေါမြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ထောက်ပံ့ငွေပေးအပ်

**ဝေါ ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဝေါမြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲကို ဝေါမြို့နယ်ခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

လှူဒါန်းပွဲတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသော ကျန်းမာရေးဝန်ထမ်းများအား ငွေကျပ် ၄၁ သိန်း ထောက်ပံ့ခြင်းကို မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ မောင်မောင်မျိုးသိမ်းနှင့် စေတနာ့ဝန်ထမ်း အသင်းအဖွဲ့များကိုယ်စား ဝေါမြို့ အခမဲ့နာရေး ကူညီမှုအသင်း ဥက္ကဋ္ဌ ဦးဖိုးချိုတို့က လက်ခံရယူသည်။

ကိုဗစ်-၁၉ ရောဂါ ခံစားခဲ့ရသည့် ကျန်းမာရေး ဝန်ထမ်း ၄၁ ဦးအတွက် ထောက်ပံ့ငွေကျပ် ၄၁ သိန်းနှင့် စေတနာ့ဝန်ထမ်းများအတွက် လက်ဖက်ထုပ်နှင့် ထောက်ပံ့ငွေကျပ် ငါးသိန်းကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကိုဗစ်-၁၉ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် ကုသရေးစင်တာများတွင် ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားသူများအတွက် အောက်ဆီဂျင်လိုအပ်မှုများ ရှိနေသည်ဖြစ်ရာ မြို့နယ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန် ရေးကော်မတီက စီမံကြီးကြပ်၍ မြို့မိမြို့ဖများ၊ ကုသိုလ်ရှင်များ စုပေါင်းမတည် လှူဒါန်းငွေများဖြင့် တည်ဆောက်သည့် အောက်ဆီဂျင်စက် တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**



## အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် Side Event သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် အရှေ့တောင် အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ လည်းကောင်း၊ Dialogue Between the Asia Forum for Human Rights and Development (FORUM–ASIA)/ Asian NGO Network on NHRIs (ANNI) and the Southeast Asia NHRIs Forum (SEANF) ကို ဩဂုတ် ၂၄ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း ဖိုရမ်၏ ၂၀၂၁ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်က ဦးဆောင်၍ Virtual Online Platform ဖြင့် ကျင်းပသည်။



**တက်ရောက်**

လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ အမျိုးသားလူ့အခွင့်အရေးအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်အဖွဲ့များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နန္ဒာမွန်း၊ ကော်မရှင်အဖွဲ့ ဝင်များ၊ မလေးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်း များ ပါဝင်တက်ရောက်ခဲ့ကြသည်။

လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ၂၀၂၁ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးအပြီး ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အဓိက တိုးတက်ဖြစ်ထွန်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့ ရသော စိန်ခေါ်မှုများကို မျှဝေဆွေးနွေးခြင်း၊ ဖိုရမ်၏ ဝက်ဘ်ဆိုက် ထူထောင်ရေးနှင့် ဖိုရမ်၏အမှတ်အသား တံဆိပ်ဖန်တီးနိုင်ရေးကိစ္စရပ်များ၊ ၂၀၂၂ ခုနှစ်အတွက် ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်ရေး ကိစ္စရပ်၊ ဖိုရမ်၏ ၂၀၂၂-၂၀၂၆ မဟာဗျူဟာစီမံကိန်း ရေးဆွဲရေးနှင့် စပ်လျဉ်း၍ တိုးတက်ဆောင်ရွက်မှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအလွန် ကပ်ဘေးသင့် လူမှုအသိုက်အဝန်းများအတွက် စီးပွားရေး အခွင့်အရေးများဆိုင်ရာ အကြံပြုတိုက်တွန်းချက်များနှင့် စပ်လျဉ်း၍ စဉ်းစားဆွေးနွေးခြင်း၊ ဖိုရမ်နှင့် အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR)တို့အကြား ထိတွေ့ဆောင်ရွက်ရေးနှင့် စပ်လျဉ်းသော တိုးတက်ဆောင်ရွက်မှုများ၊ ဖိုရမ်၏ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးနှင့် စပ်လျဉ်း၍ တိုးတက်ဆောင်ရွက်မှုများ သက်ကြီး ရွယ်အိုအခွင့်အရေးများ၊ ဘာသာရပ်နှင့်စပ်လျဉ်း သည့်ကိစ္စရပ်နှင့် ဖိုရမ်၏ (၁၈) ကြိမ်မြောက် နှစ်ပတ် လည် အစည်းအဝေးကျင်းပရေးကိစ္စရပ်များ အစရှိ သော လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ် များကို ကိုယ်စားလှယ်အဖွဲ့များက ဆွေးနွေးခဲ့ကြ သည်။

**ရှင်းလင်းဆွေးနွေး**

လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက ဖိုရမ် ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသော ဆောင်ရွက်ချက်များနှင့် ရင်ဆိုင် ကြုံတွေ့ရသော စိန်ခေါ်မှုများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအလွန် ကပ်ဘေးသင့် လူမှုအသိုက်အဝန်းများ၏ စီးပွားရေးအခွင့်အရေးများ အလားအလာ ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်း ဆွေးနွေးပြီး အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အခြားသော လူ့အခွင့်အရေးကိစ္စရပ်များတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များက ပါဝင်ဆွေးနွေးအကြံပြုခဲ့ကြသည်။

**အဓိကဆွေးနွေး**

ဩဂုတ် ၂၄ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသော Dialogue Between the Asia Forum for Human Rights and Development (FORUM–ASIA)/ Asian NGO Network on NHRIs (ANNI) and the Southeast Asia NHRIs Forum (SEANF) သို့ ဖိုရမ် အဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့များ၊ မြန်မာ နိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင် အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများ ပါဝင်တက်ရောက် ခဲ့ကြပြီး SEANF နှင့် FORUM–ASIA/ ANNI တို့အကြား လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက် ရေးကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ကြက်သွန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ပျဉ်းမနား ဩဂုတ် ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိသော ရဟန်းသာမဏေများအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ကြက်သွန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့ရှိ အဆိုပါကျောင်းတိုက်တွင်ပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး တက်ရောက်လာကြသူများက ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံသို့လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**ဇော်ဖြိုး(ပြန်/ဆက်)**

## မက်မန်းမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မက်မန်း ဩဂုတ် ၂၆**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ် (မြောက်ပိုင်း) မက်မန်းမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံခဲ့သည်။

ထောက်ခံပေးအပ်

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မက်မန်းခရိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအဖွဲ့အား ငွေကျပ် ၁၀ သိန်း၊ မက်မန်းခရိုင်မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နယ်ခြားစောင့်တပ်အား ငွေကျပ်သိန်း ၂၀၊ မက်မန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအဖွဲ့အား ငွေကျပ် ၁၀ သိန်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း အခုရေ ၂၀၀၀၀၊ လက်သန့်ဆေးရည် ၅၀၊ မျက်နှာအကာ ၅၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၀၊ Surgical Gowns ၁၀၀၊ SurgicalCap ၁၀၀၊ Oxygen Concentrator တစ်ခု၊ Para Tab ၁၀ ဘူး၊ VITAC Tab ၂၀ ဘူး၊ ခတ်ဆားထုပ် ၁၀၀ တို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မက်မန်းမြို့ရှိ ပညာဒီပထေရဝါဒဗုဒ္ဓဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်ကာ ကျောင်းထိုင်ဆရာတော်အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး မက်မန်း-ဗလကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော မြေထိန်းနံရံ ပေ (၄၀၀x၁၀x၃) ဆောင်ရွက်နေမှုများနှင့် ရွှေမော်ဖကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော We Love Matman View Point ပေ (၃၀x၂၀ ) တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**



## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၆**

တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။



**သွားရောက်ကြည့်ရှု**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မတ္တရာမြို့နယ် ရေနံ့သာငါးလုပ်ငန်းစခန်းသို့ သွားရောက်ကြည့်ရှု၍ **(အပေါ်ပုံ)** တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မတ္တရာမြို့နယ်ရှိဆည်တော်ကြီး ရေလှောင်တမံသို့သွားရောက်၍ ဆည်အတွင်း ရေသိုလှောင်ထားရှိမှု၊ တမံနှင့် ရေထိန်းတံခါးများကြံ့ခိုင်မှု အခြေအနေများအား လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တရုတ်(တိုင်ပေ)ရှိ မြန်မာနိုင်ငံသားများအတွက် ကယ်ဆယ်ရေးလေယာဉ် ပျံသန်းပြေးဆွဲနိုင်ရေး စီစဉ်

**ရန်ကုန် ဩဂုတ် ၂၆**

တရုတ်(တိုင်ပေ)ရှိ မြန်မာနိုင်ငံသားများ နေရပ်ပြန်ရန် ပုံမှန်ပြေးဆွဲနေကျဖြစ်သည့် China Airlines အနေဖြင့် မြန်မာနိုင်ငံသို့ လေကြောင်းပျံသန်းပြေးဆွဲမှုကို ယခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ရပ်ဆိုင်းထားရာ တရုတ်(တိုင်ပေ)၌ ဆက်လက်နေထိုင်ရန် အခက်အခဲရှိနေကြသည့် နေရပ်ပြန်လိုကြသော မြန်မာနိုင်ငံသားများအတွက် ကယ်ဆယ်ရေးလေယာဉ် (MAI) ခရီးစဉ်ကို ပျံသန်းပြေးဆွဲနိုင်ရန် ဟောင်ကောင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အသိပေး ထုတ်ပြန်ထား**

မြန်မာနိုင်ငံသားများ နေရပ်ပြန်လည်ထွက်ခွာနိုင်ရန်အတွက် (၁၅) ကြိမ်မြောက် တရုတ်(တိုင်ပေ)-ရန်ကုန် ကယ်ဆယ်ရေးလေယာဉ် (Myanmar Airways International-MAI) ခရီးစဉ်ကို လာမည့် စက်တင်ဘာလ စတုတ္ထပတ်အတွင်း ပျံသန်းပြေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပြီး တရုတ်(တိုင်ပေ)၌ ဆက်လက်နေထိုင်ရန် အခက်အခဲရှိနေပြီး အမှန်တကယ်နေရပ်ပြန်လိုကြသော မြန်မာနိုင်ငံသားများအတွက် လေယာဉ်ပြေးဆွဲပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ အမှန်တကယ် နေရပ်ပြန်လိုကြသူများသာ စာရင်းပေးသွင်းကြရန်နှင့် အမည်စာရင်းပေးသွင်းပြီးပါက ပြန်လည်ပယ်ဖျက်ခြင်းမပြုကြရန်အပါအဝင် လေကြောင်းလိုင်းအနေဖြင့် အနည်းဆုံး ခရီးသည်အရေအတွက် ၁၀၀ ကျော်မှသာ ခရီးစဉ်ပြေးဆွဲပေးနိုင်မည်ဖြစ်ကြောင်း မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ အသိပေးထုတ်ပြန်ထားသည်။

အမှန်တကယ်လိုက်ပါနိုင်သည့် ခရီးသည်အရေအတွက် တိကျစွာရရှိနိုင်ရေးအတွက် ယခင်အမည်စာရင်းပေးသွင်းဖူးသူများအပါအဝင် နေရပ်ပြန်လိုကြသည့် ခရီးသည်များအနေဖြင့် နိုင်ငံကူးလက်မှတ်မိတ္တူ၊ သင်္ဘောသားဖြစ်ပါက CDC မိတ္တူတို့နှင့်အတူ အချက်အလက်ပြည့်စုံစွာဖြည့်စွက်၍ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ အီးမေးလ်လိပ်စာဖြစ်သော consularmcghk@gmail.com သို့ စက်တင်ဘာ ၃ ရက်နောက်ဆုံးထားကာ အမည်စာရင်းပေးသွင်းကြရမည်ဖြစ်ကြောင်း ဟောင်ကောင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ထုတ်ပြန်ထားချက်အရ သိရသည်။

**စိုးမြင့်အောင်**

## မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၆။ ။ မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးသော့ချက်အား ဖွင့်လှစ်ခြင်း

မောင်သစ္စာ (ရန်ကင်း)

**ကုန်သွယ်ရေးတင်းမာမှုတွေတိုးပွားလာခြင်း၊ နိုင်ငံစုံစနစ် (Multilateralism) ဆုတ်ယုတ်လာခြင်း၊ လက်ရှိဖြစ်ပွားလျက်ရှိတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ သက်ရောက်မှုဟာ နိုင်ငံတကာနဲ့ ဒေသဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေးတွေအပေါ် ကြီးမားစွာရိုက်ခတ်လာခြင်းစတဲ့ အခြေအနေတွေကြောင့် အာရှနဲ့ ပစိဖိတ်ဒေသအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှု/ ပြင်ပသို့ စီးဆင်းမှုတွေအပေါ် ထိခိုက်မှုများစွာဖြစ်ပွားခဲ့ရပါတယ်။**

ဒီလိုထိခိုက်မှု များစွာဖြစ်ပွားမှုတွေအပေါ် ကုစားနိုင်ဖို့အတွက် အာဆီယံဒေသတွင်းနိုင်ငံတွေအပါအဝင် နိုင်ငံအသီးသီးက မူဝါဒအမျိုးမျိုး ချမှတ်ခြင်း၊ ချဉ်းကပ်မှုအမျိုးမျိုးနဲ့ ကိုင်တွယ်ဖြေရှင်းခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ရန်ပုံငွေတွေထူထောင်ပြီး ငွေကြေးမက်လုံးတွေပေးခြင်း (Financial Incentives)၊ ငွေကြေးနဲ့သက်ဆိုင်မှုမရှိတဲ့ အခြားမက်လုံးတွေပေးခြင်း (Non-Financial Incentives)၊ အခွန်ဆိုင်ရာမက်လုံးတွေပေးခြင်း (Tax Incentives)၊ အခွန်ကင်းလွတ်ခွင့်အပြင် မြေအခွင့်အလမ်း၊ အခြေခံအဆောက်အအုံ အခွင့်အလမ်းတွေပေးခြင်းကဲ့သို့သော မက်လုံးတွေပေးခြင်း (Non Tax Incentives) စတဲ့နည်းလမ်းတွေအပြင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့စေဖို့ လုပ်ထုံးလုပ်နည်းတွေ ဖြေလျှော့ပေးတာ၊ ရှင်းလင်းအောင် ပြင်ဆင်တာတွေကိုလည်း ဆောင်ရွက်ခဲ့ကြပါတယ်။

ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေဖို့ ဆောင်ရွက်ခဲ့တဲ့နိုင်ငံတွေထဲမှာ ထင်ရှားတဲ့ဥပမာကတော့ အင်ဒိုနီးရှားနိုင်ငံပဲ ဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံဟာ စီးပွားရေးလုပ်ငန်းတွေ လွယ်ကူချောမွေ့စေရေးနဲ့ လိုင်စင်/ ပါမစ်ဆိုင်ရာ လိုအပ်ချက်တွေ လျှော့ချနိုင်ရေးအတွက် ရည်ရွယ်ပြီး အလုပ်သမားဥပဒေ၊ စီးပွားရေးဇုန်ဥပဒေ၊ မြေယာဥပဒေ၊ အစိုးရစီမံခန့်ခွဲမှုဥပဒေ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးဥပဒေ၊ ပြစ်မှုနှင့် ပြစ်ဒဏ်ဆိုင်ရာဥပဒေစတဲ့ ဥပဒေအားလုံးမှာ ပြင်ဆင်/ ဖြည့်စွက်စရာရှိတဲ့ ပြဋ္ဌာန်းချက်တွေကို တပေါင်းတစည်းတည်း ပြင်ဆင်/ ဖြည့်စွက်ပြီး ဥပဒေပေါင်းချုပ် (Omnibus Law) အဖြစ် ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီ ဥပဒေဟာ ၂၀၂၁ ခုနှစ် မတ်လမှစတင်၍ အာဏာသက်ဝင်နေပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း ကိုဗစ်အလွန် စီးပွားရေးပြန်လည်ဦးမော့လာစေဖို့ လုပ်သာကိုင်သာရှိတဲ့ စီးပွားရေးဝန်းကျင်တစ်ရပ် ဖန်တီးပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနဲ့ လွယ်ကူချောမွေ့ရေးဆိုင်ရာအစီအမံတွေကို ဆောင်ရွက်ဖို့လိုအပ်လာပါတယ်။ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ ကြုံတွေ့နေရတဲ့ အခက်အခဲ၊ အတားအဆီးတွေထဲက လုပ်ငန်းနဲ့ ပတ်သက်တဲ့ **လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်တွေကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေထံက ရယူတဲ့နေရာမှာ အောက်ဖော်ပြပါအချက်တွေကလည်း နှောင့်နှေးကြန့်ကြာမှုတွေရဲ့ အဓိကအကြောင်းရင်းတွေအဖြစ် လုပ်ငန်းရှင်တွေ၊ ပြည်တွင်းပြည်ပစီးပွားရေးအသင်းအဖွဲ့တွေက မကြာခဏ ထုတ်ဖော်ပြောကြားလေ့ရှိပါတယ်-**

(၁) လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာမှုနှင့် ရိုးရှင်းလွယ်ကူမှုမရှိခြင်း၊ ရှေ့နောက်ညီညွတ်မှုအားနည်းခြင်း။

(၂) လုပ်ငန်းအဆင့် များပြားခြင်းကြောင့် ဆောင်ရွက်ရတဲ့အချိန် ကြာမြင့်ခြင်း။

(၃) တင်ပြရတဲ့ အထောက်အထား စာရွက်စာတမ်းများ များပြားခြင်း။

(၄) ဆောင်ရွက်မယ့်လုပ်ငန်းနဲ့ တိုက်ရိုက်သက်ဆိုင်မှုမရှိတဲ့ ဌာန/ အဖွဲ့အစည်းများထံမှ ထောက်ခံချက်များ၊ သဘောထားများ ရယူရခြင်း။

(၅) လူကိုယ်တိုင် စာရွက်စာတမ်းများဖြင့် လျှောက်ထားရသည့်စနစ် (Manual System) ဖြင့်သာ အများစုဆောင်ရွက်နေခြင်းကြောင့် နှောင့်နှေးကြန့်ကြာမှု ရှိခြင်း။

ဒါကြောင့် စီးပွားရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ အဟန့်အတားတွေသဖွယ်ဖြစ်နေတဲ့ အခက်အခဲတွေကို လျော့နည်းသွားအောင် ဆောင်ရွက်စေနိုင်ဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်လာတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ စီးပွားရေးနဲ့သက်ဆိုင်တဲ့ အစိုးရဌာန/အဖွဲ့အစည်း ၁၆ ခုက ခွင့်ပြုပေးလျက်ရှိတဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်တွေနဲ့စပ်လျဉ်းပြီး အခြေခံတဲ့ဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်းတွေ၊ လုပ်ဆောင်ရတဲ့ ကြာမြင့်ချိန်တွေကို ကနဦး သုံးသပ်မှုဆောင်ရွက်ခဲ့ပါတယ်။ ဒီကနဦးသုံးသပ်တွေ့ရှိချက်အရ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်း စုစုပေါင်း ၁၆ ခုက ခွင့်ပြုပေးတဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့သက်ဆိုင်တဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် စုစုပေါင်း ၂၉၉ မျိုးရှိပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုမိန့်/ အတည်ပြုမိန့် ရယူဆောင်ရွက်ခြင်းနဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် ၁၇၇ မျိုးရှိကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ရင်းနှီးမြှုပ်နှံမှုနဲ့ သက်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေ ထူထောင်လုပ်ကိုင်ရာမှာ လိုအပ်တဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်တွေရယူတဲ့အခါ ကြုံတွေ့နေရတဲ့ နှောင့်နှေးကြန့်ကြာမှုတွေနဲ့ လုပ်ထုံးလုပ်နည်းဆိုင်ရာ အခက်အခဲတွေကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းပေါင်းစပ် ဖြေရှင်းပေးနိုင်ရေးအတွက် ပြန်လည်သုံးသပ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးပြီး ဆောင်ရွက်ဖို့လိုအပ်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်တွေနဲ့ စပ်လျဉ်းတဲ့ ပြန်လည်သုံးသပ်စိစစ်ရေးအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် ၁၀၈/ ၂၀၂၁ နဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

> **ပြန်လည်သုံးသပ်ချက်ရလဒ်တွေအတိုင်း ကြာမြင့်ချိန်တွေလျှော့ချတာ၊ စာရွက်စာတမ်းတွေလျှော့ချတာ၊ Online နဲ့ ပြောင်းလဲဆောင်ရွက်တာနဲ့ Package စနစ်နဲ့ ခွင့်ပြုပေးတာတွေဟာ New-normal ကာလမှာ နှောင့်နှေးကြန့်ကြာနေတဲ့ စီးပွားရေးလုပ်ငန်းတွေ မြန်ဆန်စွာ စတင်ဆောင်ရွက်လာစေဖို့၊ ရပ်ဆိုင်း/တုံ့ဆိုင်းလျက်ရှိတဲ့ လုပ်ငန်းတွေလည်း ပြန်လည်ပတ်နိုင်ဖို့ တစ်ထောင့်တစ်နေရာက များစွာအထောက်အကူဖြစ်လာစေမှာ သေချာပါတယ်**

အဆိုပါအဖွဲ့ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ စည်ပင်သာယာရေးကော်မတီတွေမှ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တွဲဖက်အတွင်းရေးမှူးအဆင့်ရှိ အရာရှိကြီးတွေ အပါအဝင် စုစုပေါင်းအဖွဲ့ဝင် ၁၆ ဦးနဲ့ ဖွဲ့စည်းပေးခဲ့ပါတယ်။

အဖွဲ့အနေနဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ကို အဖွဲ့ရဲ့ အတွင်းရေးမှူးရုံးအနေနဲ့ ဆောင်ရွက်စေပြီး စီးပွားရေးနဲ့သက်ဆိုင်တဲ့ လိုင်စင်တွေ ထုတ်ပေးလျက်ရှိတဲ့ ဝန်ကြီးဌာန/ စည်ပင်သာယာရေးကော်မတီတွေနဲ့ စုစည်းဖိတ်ကြားပြီးလည်းကောင်း၊ ဝန်ကြီးဌာန/ စည်ပင်သာယာရေးကော်မတီ တစ်ခုချင်းအလိုက်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများပြုလုပ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ သဘောထားများ ရယူခြင်း၊ စိစစ်ခြင်းတွေကို တစ်လအတွင်း ပြီးစီးအောင် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ပါတယ်။ သက်ဆိုင်ရာ လိုင်စင်၊ ပါမစ်ထုတ်ပေးတဲ့ ဝန်ကြီးဌာနတွေနဲ့ စည်ပင်သာယာရေးအဖွဲ့အစည်းတွေက တာဝန်ရှိသူတွေကလည်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။

အဲဒီလို ပူးပေါင်းညှိနှိုင်း စိစစ်ဆောင်ရွက်မှုရဲ့ ရလဒ်တွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) လျှောက်ထားရသည့် ကြာမြင့်ချိန်ကို လျှော့ချခြင်း။

(၂) ပူးတွဲတင်ပြရသည့် စာရွက်စာတမ်းများ လျှော့ချခြင်း။

(၃) Online စနစ်အပြည့်အဝ ဆောင်ရွက်ပေးခြင်း သို့မဟုတ် လူကိုယ်တိုင်နှင့် Online တွဲဖက်၍ ဆောင်ရွက်ခြင်း။

(၄) သဘောသဘာဝတူညီသည့် လုပ်ငန်းများအတွက် ဝန်ကြီးဌာနအဖွဲ့အစည်းအတွင်း ဌာနများအချင်းချင်း သို့မဟုတ် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်း၍ Package စနစ်ဖြင့် တပေါင်းတည်း ခွင့်ပြုပေးခြင်း။

## လျှောက်ထားရသည့် ကြာမြင့်ချိန်ကို လျှော့ချခြင်း

စိစစ်သုံးသပ်တဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် ၁၇၇ မျိုးအနက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကော်မတီတွေကထုတ်ပေးတဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် **၉၉ မျိုး**ရဲ့ စိစစ်ခွင့်ပြုရန်ကြာမြင့်ချိန်တွေကို **အနည်းဆုံး တစ်ရက်မှ အများဆုံး ၃၃၅ ရက်အထိ** လျှော့ချဖို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဥပမာ အားဖြင့် "ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မှတ်ကောင်ဖမ်းဆီးခြင်း/ ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်" ဆိုရင် ယခင်ကခွင့်ပြုမိန့် ထုတ်ပေးဖို့စိစစ်တဲ့ ကြာချိန် ၃၆၅ ရက်ရှိခဲ့ရာမှ ယခုညှိနှိုင်းဆောင်ရွက်တဲ့ အစီအစဉ်အရ ရက် ၃၀ သာ ကြာမြင့်တော့မှာ ဖြစ်ပါတယ်။ ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးရုံ/ အထူးကုဆေးရုံ လုပ်ငန်းတွေအတွက် လိုင်စင်တွေကို ခွင့်ပြုပေးဖို့အတွက်လည်း ယခင်က ရက်ပေါင်း ၉၀ ကြာမြင့်ခဲ့ရာကနေ အခုရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုပေးသွားမှာ ဖြစ်ပါတယ်။

## ပူးတွဲတင်ပြရသည့် စာရွက်စာတမ်းများ လျှော့ချခြင်း

လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်တွေ လျှောက်ထားရာမှာ ပူးတွဲပြီးတင်ပြရမယ့် စာရွက်စာတမ်း အထောက်အထားတွေအနေနဲ့ကတော့ လိုင်စင်၊ ပါမစ် ၄၂ ခုရဲ့ ပူးတွဲတင်ပြရမယ့် စာရွက်စာတမ်းတွေကို **တစ်မျိုးကနေ ၁၄ မျိုးအထိ** လျှော့ချပေးနိုင်ခဲ့ပါတယ်။ ဥပမာအားဖြင့် **ယစ်မျိုးလိုင်စင် (လက်လီ/ လက်ကားလိုင်စင်- ၂၂ မျိုး)**ဆိုရင် ယခင်က ပူးတွဲတင်ပြရတဲ့ စာရွက်စာတမ်း ၂၇ မျိုးကနေ အခုဆိုရင် စာရွက်စာတမ်း ၁၃ မျိုးကိုပဲ ပူးတွဲတင်ပြရတော့မှာဖြစ်တဲ့အတွက် စာရွက်စာတမ်း ၁၄ မျိုး လျှော့ချပေးနိုင်ခဲ့ပါတယ်။ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းအတွက်ကိုလည်း ယခင်စာရွက်စာတမ်း ၁၄ မျိုးကနေ ယခု ၁၀ မျိုးသာ ပူးတွဲတင်ပြရမှာဖြစ်တဲ့အတွက် လေးမျိုးကို လျှော့ချပေးနိုင်ခဲ့ပါတယ်။

## Online စနစ် အပြည့်အဝဆောင်ရွက်ခြင်း သို့မဟုတ် လူကိုယ်တိုင်နှင့် Online တွဲဖက်၍ ဆောင်ရွက်ခြင်း

ဝန်ကြီးဌာနတွေနဲ့ ကော်မတီတွေအနေနဲ့ Fully Online / Semi Online/ (Hybird) တို့နဲ့ လိုင်စင်၊ ပါမစ်အချို့ကို လျှောက်ထားမှုလက်ခံပေးခြင်း၊ စိစစ်ခွင့်ပြုပေးခြင်းတွေကို တိုးချဲ့ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး လာမယ့်နှစ်နှစ်ကျော်ကာလအတွင်း ဝန်ကြီးဌာနခြောက်ခုက လိုင်စင်၊ ပါမစ်ပေါင်း ၃၉ ခု အတွက် လုပ်ငန်းစဉ်တွေကို Online က ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။

## ဝန်ကြီးဌာနအဖွဲ့အစည်းအတွင်း ဌာနများအချင်းချင်း(သို့မဟုတ်) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ အချင်းချင်းပူးပေါင်း၍ Package စနစ်ဖြင့် တပေါင်းတည်း ခွင့်ပြုပေးခြင်း

အချို့လိုင်စင်၊ ပါမစ်တွေဟာ လုပ်ငန်းသဘာဝအရ ရင်းနှီးမြှုပ်နှံသူက တစ်ပြိုင်နက်လျှောက်ထားနိုင်တာမျိုး၊ သက်ဆိုင်ရာဌာနကလည်း တပေါင်းတစည်းတည်း စစ်ဆေးနိုင်တာမျိုးနဲ့ ခွင့်ပြုရာမှာလည်း ပေါင်းစည်းခွင့်ပြုသွားနိုင်တဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်တွေကို Package စနစ်နဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် ဩဂုတ် ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၂၀၀ နှင့် အင်းစိန်ဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူနှင့် အချုပ်သား အချုပ်သူ စုစုပေါင်း ၂၄၁၇ ဦးတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ရှစ်မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၃၀၉ ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၃၆၉၅ ဦးတို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နှင့် မိုးညိုမြို့နယ်အတွင်းရှိ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၅၁ ဦးတို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အင်းစိန်ဗဟိုအကျဉ်းထောင် အချုပ်သားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ဗဟို အကျဉ်းထောင်အတွင်း ထိန်းသိမ်းထားရှိသော အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများအား လတ်တလော ဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလအတွင်း ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အကျဉ်းထောင်အတွင်းရှိ ကဇာတ်ရုံ၌ ထိုးနှံပေးခဲ့ကြောင်း သိရသည်။



အင်းစိန်ဗဟိုအကျဉ်းထောင်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးနေမှုကို တွေ့ရစဉ်။

### ဒုတိယအကြိမ်ထိုးနှံပေး

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံဆောင်ရွက်ပေးရာတွင် အကျဉ်းထောင်(အင်းစိန်)ရှိ အကျဉ်းသား၊ အချုပ်သား စုစုပေါင်း ၂၄၁၇ဦးတို့အား ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်လမ်းညွှန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး စည်းကမ်းချက်များနှင့်အညီ ဒုတိယ အကြိမ် ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။ ဇူလိုင် ၂၈ ရက်က ပထမအကြိမ်တွင် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူ စုစုပေါင်း ၇၁၉၀ ထိုးနှံခဲ့ကြောင်း သိရသည်။

### အနီးကပ်ကြီးကြပ်ဆောင်ရွက်

ယင်းသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် အကျဉ်းဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဦး၊ အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းအောင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပြီး အကျဉ်းထောင်ဆေးရုံမှ ဆေးရုံအုပ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစံလင်းထွန်းနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးမှူးများ၊ ဆေးမှူးများက ထိုးနှံပေးခဲ့ကြောင်း သိရသည်။

သတင်း-မြင့်မိုရ်
ဓာတ်ပုံ-မင်းထက်

## ပခုက္ကူမြို့နယ်၌ စေတနာ့ဝန်ထမ်း ၆၉ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**ပခုက္ကူ ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသူများမှ စေတနာ့ဝန်ထမ်း ၆၉ ဦးအား ယနေ့နံနက်ပိုင်းက ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေရော(၁)ခန်းမ၌ ဒုတိယအကြိမ်ထိုးနှံပေးသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန် ဆရာဝန်မများ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကာကွယ်ဆေးထိုးနှံပေးမည့်သူများအား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဒုတိယအကြိမ် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဟိန်းသူ(ပြန်/ဆက်)



## ကျုံပျော်မြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**ကျုံပျော် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



### ဦးစားပေးထိုးနှံ

ထိုသို့ထိုးနှံရာတွင် လူဦးရေထူထပ်သော မြို့ပေါ်ရပ်ကွက်များအား ဦးစားပေးအဖြစ် စတင်ထိုးနှံပြီး ကျုံပျော်မြို့တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အောင်ဆန်းရပ်ကွက်နှင့် တေဇရပ်ကွက်မှ ဘိုးဘွားများကိုလည်းကောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပင်လုံရပ်ကွက်နှင့် မြဝတီရပ်ကွက်မှ ဘိုးဘွားများကိုလည်းကောင်း ဆေးထိုးစုရပ်နှစ်ခုခွဲကာ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကျုံပျော်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ်လတတိယပတ်အထိ ဆေးအလုံးရေ ၇၃၀၀ ကို လူပေါင်း ၁၄၆၀၀ အား ပထမအကြိမ်အဖြစ် ထိုးနှံပေးထားပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျောင်းကုန်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေး

**ကျောင်းကုန်း ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်၌ ယနေ့နံနက်ပိုင်းက အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိသည်။

အထက(၁)ရှိ စုရပ်(၁)တွင် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ မိုးမခ၊ သစ်ဆိမ့်ကုန်းကျေးရွာတို့မှ ဇူလိုင် ၂၉ ရက်က ပထမအကြိမ်ထိုးနှံခဲ့ကြသော အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၂၀၀ အား ယခုဒုတိယအကြိမ် ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၆-၈-၂၀၂၁)ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Price in Kyats(Retail) | Company Name |
|---|---|---|---|
| Anti-inflammatory | | | |
| 1 | P.O Dexamethasone | 1450 | JDS |
| 2 | P.O Prednisolone | 2000 | Aorta |
| 3 | Injection - Dexamethasone | 160 | Aorta |
| Antiviral | | | |
| 4 | P.O Favipiravir 400 mg | 50000 | AA Medical |
| 5 | Injection - Remdesivir | 70000 | GHI |
| Anti thrombosis | | | |
| 6 | Injection Enoxaprim 40 mg | 7000 | Nyi Lay Naing |
| 7 | Injection Enoxaprim 60 mg | 9000 | Nyi Lay Naing |
| Symptomatic | | | |
| 8 | P.O Paracetamol 500 mg | 1500 | AA Medical |
| 9 | P.O Dextromethophan | 1450 | AA Medical |
| 10 | P.O Bromhexine | 1000 | Medi Myanmar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)ESifh Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၂၆ ရက်က ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၂၅ ခုမှ Atelec Tablets ၇၀၀၊ Azeath ၄၂၀၅၃ ခု၊ Boni Spray ၅၀၊ Btainact Injection ၆၃၂၉ ခု၊ Cardinex ၄၀၈၀၀၊ Desmosin Nasal Spray ၅၀၊ Enoxa ၁၁၇၄၀၀၊ Glarine Injection ၃၀၀၀၊ Lanzet Capsule ၉၉၉၀၊ Livact Granules Aluminium Sachet ၁၀၀၊ Merofen Injection ၅၀၀၊ Microsensor Check Fluids တစ်ခု၊ Desiccant Packs ၁၀ ခု၊ Vapor Adsorption Cariridgenj နှစ်ခု၊ FS Humidfification Packs တစ်ခု၊ Minidiab Tablets ၁၈၇၅၁ ခု၊ Nocid Tablet ၆၁၃၅ ခု၊ Nutrivit C Tablet ၄၂၆ ခု၊ Picoprep Powder for Oral Solution Sachet ၂၈၆၀ ခု၊ Semion Tablet ၂၀၀၀၊ Vitamin-C ၁၅၀၀၀ ၊ Flow Meter ၉၂၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၂၂ ခု၊ Oxygen Regulator ၂၀၀၊ Tesk Kit ၄၁၀၄ ခု၊ Medical Reagents ခုနစ်ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ အိမ်သုံးအောက်ဆီဂျင်စက် တစ်ခု၊ Oxygen Regulator ၁၁၀၀၊ Oxygen Cylinder ၂၅၈၀၊ Oxygen Tank လေးခု၊ အောက်ဆီဂျင်ထုတ်သည့်စက် သုံးခု၊ ဆေးဝါးမျိုးစုံ ၈၀ မျိုး ၂၁၅၄၅၁ ဒသမ ၉၂၁ ကီလို ဂရမ်၊ နယ်စပ် (ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ ကန်ပိုက်တီး)တွင် ကုမ္ပဏီ ၃၄ ခုမှ Oxygen Cylinder ၉၈၇၀၊ အိမ်သုံးအောက်ဆီဂျင် စက် ၆၉၆ ခု၊ Mask ၁၆၉၃၁ ကီလိုဂရမ်၊ Liquid Oxygen ၁၄၄၇၁ ဒသမ ၉၁ ကုဗမီတာ၊ Liquid Oxygen ၁၂ ဒသမ ၈၈ တန်၊ Flow Meter ၂၃၄၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၈၆၀၀၊ အောက်ဆီဂျင်ထုတ်သည့်စက် နှစ်ခု၊ Oxygen Mask ၂၂၀၀၊ Disposable Cap ၃၀၀၀ ကီလိုဂရမ်၊ Oxygen Bag ၂၁ ခု၊ Trolley ၆၃၀၊ Patient Bed ၅၀၊ Incentive Spirometer ၁၅၀၀၊ Nonwoven Hat ၂၁၄၀၊ Absorbent Disposable Medical Pad ၂၅၀၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှု မရှိစေရန် အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မြဝတီ၊ တာချီလိတ်၊ ထီးခီးကုန်သွယ်ရေးစခန်း ခြောက်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၂၅ ခုမှ ယာဉ်စီးရေ ၅၀ ဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် လေးစီးဖြင့် ၆၉ တန်၊ အောက်ဆီဂျင်(အရည်)အိုးဖြင့် ၂၁ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၁၃၁၇၃ ခု၊ အောက်ဆီဂျင်ထုတ်သည့်စက် ခုနစ်ခု၊ အိမ်သုံး ၉၁၉ ခု၊ COVID Test Kit ၄၁၀၄ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၈၀၀ နှင့် နှာခေါင်းစည်း ၂၅ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ်လေးစီးမှာ မန္တလေးမြို့၊ ပဲခူးမြို့၊ ရန်ကုန်မြို့နှင့် နေပြည်တော်သို့ဖြစ်ပြီး အောက်ဆီဂျင်ထုတ်သည့်စက် ခုနစ်ခုမှာ ရန်ကုန်မြို့သို့ သုံးခုနှင့် မန္တလေးမြို့သို့ နှစ်ခု၊ မြင်းခြံမြို့နှင့် စစ်တွေမြို့တို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် commerce. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် အောက်ဆီဂျင်အရည် တင်ဆောင်လာသည့် Bowser ယာဉ်ကို တွေ့ရစဉ်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး နှိုးဆော်

**မိုင်းရယ်**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီကစ၍ မြို့ပေါ်ရပ်ကွက်များ၊ ဟိုယကျေးရွာ၊ နားလီကျေးရွာနှင့် နောင်လုံကျေးရွာများသို့ လှည့်လည်၍ မြန်မာဘာသာ၊ ရှမ်းဘာသာများဖြင့် အသိပညာပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။




**မိုင်းရယ် ပြန်/ဆက်**

■

**မြဝတီ**

ကရင်ပြည်နယ် မြဝတီမြို့၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် အသိပညာပေးနှိုးဆော်မှုများကို သံချဲ့စက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရှိရာ ဩဂုတ် ၂၆ ရက် နံနက် ၈ နာရီက မြို့ပေါ်ရပ်ကွက်များရှိ လမ်းဆုံလမ်းခွများ၊ လူစည်ကားရာနေရာများတွင် လိုက်လံ အသိပညာပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်**
**(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါက ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးပိုင်းဆိုင်ရာတွေကို ထိခိုက်ပါတယ်၊ ကျန်းမာခြင်းရဲ့ အင်္ဂါရပ်သုံးခုစလုံးကို ထိခိုက်စေတာ ဖြစ်ပါတယ်၊ ဒါကြောင့် ဒီရောဂါ မဖြစ်တာ အကောင်းဆုံးပါ

ဒေါက်တာသန်းနိုင်စိုး

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၂၅ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

ထက်လျှံ

**အစီအစဉ်မှူး။** ။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားပြီးသူတွေအနေနဲ့ ပြန်လည်ကျန်းမာအောင် ဘယ်လိုနေထိုင်စားသောက်ရမယ်ဆိုတာကို အကြံပြုပြောကြားပေးပါဦး။

**ဒေါက်တာသန်းနိုင်စိုး။** ။ ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားတဲ့သူတွေအနေနဲ့ ပြန်ပြီးနေကောင်းတာတောင် တချို့ရောဂါလက္ခဏာတွေ ဆက်လက်ခံစားရတာ၊ တချို့က ပြန်နေကောင်းပြီး နာလန်ထတဲ့အချိန်ကျမှ ရုတ်တရက် သေဆုံးသွားတာမျိုးတွေကို တွေ့မြင်ကြားသိနေရပါတယ်။ ဒါက မြန်မာနိုင်ငံတစ်ခုတည်းသာမက ကမ္ဘာပေါ်မှာလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ပညာရှင်တွေအကြားမှာ ဆွေးနွေးနေတဲ့ကိစ္စတွေ၊ လေ့လာနေတဲ့ကိစ္စတွေ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ ဒီနေ့အထိ ကိုဗစ်-၁၉ ရောဂါကနေ ပြန်လည်ပြီးကောင်းမွန်လာတဲ့ လူဦးရေ ၁၈၉ သန်းကျော်ရှိတဲ့အတွက် ပြန်လည်နေကောင်းတာကလည်း အတော်များနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဆေးရုံဆင်းခွင့်ရတဲ့ လူဦးရေ နှစ်သိန်းကိုးသောင်းကျော်ရှိနေပြီ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါရဲ့ နောက်ဆက်တွဲ ခံစားရတာတွေ နဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ကမ္ဘာပေါ်မှာ လေ့လာထားတဲ့ သုတေသနတွေ့ရှိချက်တွေနဲ့ စပ်ဆက်ပြီး ဆွေးနွေးတင်ပြလိုပါတယ်။

### ဆက်ပြီးရှိနေ

ပထမဦးဆုံးအနေနဲ့ ဆေးပညာဂျာနယ်ဖြစ်တဲ့ JAMA Network Open မှာ ဖေဖော်ဝါရီလ ၂၀၂၂ မှာ တင်ပြလာတဲ့ အချက်အလက်တွေအရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားတဲ့လူတွေရဲ့ ၃၀ ရာခိုင်နှုန်းခန့်က ဆက်လက်ပြီး ညောင်းညာတာ၊ ဘာပဲလုပ်လုပ်အားမရှိဘဲ နုံးချည့်နေတာ၊ အနံ့ဆက်ပျောက်နေတာ၊ အရသာဆက်ပျောက်တာ၊ တချို့ဆို အသက်ရှူရခက်ခဲတာကို ဆက်ပြီးတွေ့ရှိနေရတဲ့အကြောင်းနဲ့ ဒီလက္ခဏာတွေက ဘယ်လောက်အထိ ဆက်ရှိနိုင်သလဲဆိုရင် ပိုးပြန်စစ်ကြည့်လို့ ပိုးမတွေ့တာတောင် နောက်ထပ်အနည်းဆုံး လေးပတ်အထိ ဆက်ပြီးရှိနေတယ်ဆိုတာမျိုး တွေ့ရပါတယ်။

နောက်တစ်ခု အမေရိကန်ပြည်ထောင်စုမှာ FAIR Health အင်န်ဂျီအိုကနေ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ လူဦးရေ ၁ ဒသမ ၉ သန်းကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလကနေ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအထိ တစ်နှစ်ကြာ စောင့်ကြည့်တဲ့အခါ လူဦးရေလေးသိန်းခွဲကျော်ကျော်က နေကောင်းပြီးတာတောင် ဆေးခန်း ပြန်သွားနေရတာမျိုး တွေ့ရှိရပါတယ်။

ယူကေနိုင်ငံမှာလုပ်ထားတဲ့ သုတေသနတွေ့ရှိချက်အရ လူ ၁၀ ဦးမှာ တစ်ဦးအထက်က ကိုဗစ်ရောဂါ နောက်ဆက်တွဲ လက္ခဏာတွေကို ခံစားရတယ်ဆိုတာမျိုး တွေ့ရပါတယ်။ လူ ၁၀ ဦးမှာ တစ်ဦးနှုန်းနဲ့တွေ့တယ်ဆိုရင် ပြန်ကောင်းလာတဲ့လူက ကမ္ဘာတစ်ဝန်းလုံးမှာ ၁၈၉ သန်းအထက်ရှိတဲ့အတွက် ပြန်ကောင်းလာတဲ့ လူဦးရေ ၁၉ သန်းနီးပါးက ကိုဗစ်ရောဂါ နောက်ဆက်တွဲ လက္ခဏာတွေ ဆက်လက်ခံစားနေရတယ်ဆိုတာက ကမ္ဘာတစ်ဝန်းလုံးအနေနဲ့၊ မြန်မာနိုင်ငံအနေနဲ့ လျှော့တွက်လို့မရတဲ့ ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ခုအသွင် စတင်ပြီးဆောင်လာတဲ့သဘောရှိပါတယ်။

### လေ့လာမှုတွေလုပ်စေ

ဒါနဲ့ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ လူသိများတဲ့ သုတေသနအဖွဲ့အစည်းအနေနဲ့ အမေရိကန်နိုင်ငံမှာရှိတဲ့ The National Institutes of Health(NIH)ဖြစ်ပါတယ်။ သူက ကိုဗစ်-၁၉ နောက်ဆက်တွဲ ရောဂါတွေကို ဆက်ပြီး လေ့လာတဲ့အခါ Post-Acute Sequelae of SARS-CoV-2 infection (PASC)ဆိုပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလီယံ ထောက်ပံ့ပေးကာ လေ့လာမှုတွေလုပ်စေပါတယ်။ ဒီလိုထောက်ပံ့ပေးတာက နောက်ထပ် လေးနှစ်အထိ ကိုဗစ်ရောဂါကနေ ပြန်ကောင်းလာတဲ့ သူတွေမှာ ဘာတွေဖြစ်လဲဆိုတာမျိုး ဆက်လက်လေ့လာနေတယ်လို့ သိရပါတယ်။ အခုတင်ပြခဲ့တာတွေက ကိုဗစ်-၁၉ ရောဂါရဲ့ နောက်ဆက်တွဲ ရောဂါတွေနဲ့ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းလုံးက တွေ့ရှိချက်တွေနဲ့ သုတေသနဆောင်ရွက်ချက်တွေကို ရှေးဦးစွာ တင်ပြခြင်းဖြစ်ပါတယ်။

ဒီလိုနောက်ဆက်တွဲရောဂါတွေ ဘာကြောင့်ဖြစ်တာလဲ၊ နေကောင်းပြီး ရောဂါပိုး မတွေ့တာတောင်မှ ဘာဖြစ်လို့ ဒီလိုလက္ခဏာတွေ ခံစားနေရသလဲဆိုတာကလည်း ဆေးပညာရှင်တွေနဲ့ သိပ္ပံပညာရှင်တွေ အလွန်စိတ်ဝင်စားတဲ့ကိစ္စပါ။ ပညာရှင်တွေ ယူဆတာက ကိုဗစ်-၁၉ ရောဂါအနေနဲ့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို အဓိက ကစဉ့်ကလျားဖြစ်စေပြီး ခန္ဓာကိုယ်အနှံ့ ရောင်ရမ်းမှုတွေဖြစ်စေပြီး ဦးနှောက်နှင့် အာရုံကြောစနစ်ကို ထိခိုက်စေပါတယ်။ ဦးနှောက်နှင့် အာရုံကြောစနစ်အပြင် ခန္ဓာကိုယ် တစ်ခုလုံးမှာရှိတဲ့ ကိုဗစ် - ၁၉ ရောဂါပိုးဝင်လို့ရတဲ့ ACE2 Receptor ရှိတဲ့ ဆဲလ်တွေက ခန္ဓာကိုယ်ရဲ့ နေရာအနှံ့မှာ ရှိနေပါတယ်။ ဒီဆဲလ်တွေ ဝင်ရောက်ပြီး ရောင်ရမ်းမှုတွေ ဆက်လက် ဖြစ်စေတဲ့အခါ နှလုံးနှင့် သွေးကြောစနစ်၊ အသက်ရှူလမ်းကြောင်းစနစ်၊ အစာအိမ်နှင့် အူလမ်းကြောင်းစနစ်စသဖြင့် အများကြီးပါပဲ။ ဒါတွေအကုန်လုံးကို ထိခိုက်စေပါတယ်။ ဒီလို ရောင်ရမ်းမှုတွေ ခန္ဓာကိုယ်အနှံ့မှာ ဆက်ပြီးကျန်နေတာက နောက်ဆက်တွဲခံစားရတဲ့ ရောဂါဝေဒနာတွေ ဖြစ်စေတဲ့ အကြောင်းရင်းတစ်ခု ဖြစ်ပါတယ်။

**ကိုဗစ်-၁၉ ရောဂါက တော်တော်ဆိုးရွားတဲ့ရောဂါလို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖြစ်ပွားတဲ့အခါမှာ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေအနေနဲ့ အသက်ရှူမဝ အောက်ဆီဂျင်ကျတာကနေပြီး အသက်သေဆုံးတဲ့အထိ ဖြစ်နိုင်ပါတယ်။ တစ်ဖက်က စိတ်ပိုင်းဆိုင်ရာအနေနဲ့ ပြန်ကောင်းလာခဲ့ရင်တောင် စိတ်ပိုင်းဆိုင်ရာကို ထိခိုက်မှုတွေ ဖြစ်စေပါတယ်။ နောက်တစ်ခု လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်မှုတွေဖြစ်စေပါတယ်။**

နောက်ထပ်အကြောင်းရင်းတစ်ခုက ကိုဗစ်-၁၉ ရောဂါ ကုသပေးတဲ့ ဆေးတွေပါ။ ဥပမာ - Dexamethasone လို ဆေးတွေပေးရင် သွေးချိုပိုတက်စေတာမျိုး၊ သွေးပေါင်တက်စေတာမျိုး စသဖြင့် တွေ့ရပါတယ်။ ရောဂါကုသတဲ့ဆေးဝါးတွေရဲ့ သဘောက တစ်ဖက်မှာကောင်းကျိုးဖြစ်စေသလို တစ်ဖက်မှာ သူ့ရဲ့ ဘေးထွက်ဆိုးကျိုးတွေ ရှိပါတယ်။

ဒီလိုမျိုးအကြောင်းရင်းတွေနဲ့ လူနာရဲ့ ရောဂါအခံရှိမှု၊ အသက်အရွယ် စသဖြင့် စုပေါင်းပြီး နောက်ဆက်တွဲ ရောဂါဝေဒနာတွေ အမျိုးမျိုးဖြစ်ပွားတယ်လို့ ကောက်ချက်ချ ယူဆထားကြပါတယ်။ နောက်ပိုင်းသုတေသန တွေ့ရှိချက်တွေကို ဒီထက်ပိုပြီး စုံစုံလင်လင်တွေ့လာရင် ဒီဖြစ်ပွားရတဲ့ အကြောင်းရင်းတွေ ပိုပြီး သိရှိလာမှာဖြစ်ပါတယ်။

ကိုဗစ်-၁၉ ရောဂါက တော်တော်ဆိုးရွားတဲ့ ရောဂါလို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖြစ်ပွားတဲ့အခါမှာ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေအနေနဲ့ အသက်ရှူမဝ အောက်ဆီဂျင်ကျတာကနေပြီး အသက်သေဆုံးတဲ့အထိ ဖြစ်နိုင်ပါတယ်။ တစ်ဖက်က စိတ်ပိုင်းဆိုင်ရာအနေနဲ့ ပြန်ကောင်းလာခဲ့ရင်တောင် စိတ်ပိုင်းဆိုင်ရာကို ထိခိုက်မှုတွေ ဖြစ်စေပါတယ်။ နောက်တစ်ခု လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်မှုတွေဖြစ်စေပါတယ်။

### အနက်အဓိပ္ပာယ် ဖွင့်ဆိုထား

လူတစ်ယောက်သည် ကျန်းမာရေးနဲ့ ပြည့်စုံတယ်လို့ သတ်မှတ်ဖို့အတွက် ကျန်းမာခြင်းရဲ့အနက်အဓိပ္ပာယ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖွင့်ဆိုထားတာရှိပါတယ်။ ဒါက **"လူတစ်ယောက်သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ ဒီသုံးခုလုံးမှာ ပြည့်စုံပြီး ကောင်းမွန်တဲ့အခါကျမှ ကျန်းမာခြင်းနဲ့ပြည့်စုံတယ်"** ဆိုပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျန်းမာခြင်းရဲ့ အနက်အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။

ကိုဗစ် - ၁၉ ရောဂါက ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးပိုင်းဆိုင်ရာတွေကို ထိခိုက်ပါတယ်။ ကျန်းမာခြင်းရဲ့အင်္ဂါရပ် သုံးခုစလုံးကို ထိခိုက်စေတာဖြစ်ပါတယ်။ ဒါကြောင့် ဒီရောဂါမဖြစ်တာ အကောင်းဆုံးပါ။ ဒါကြောင့်မဖြစ်အောင် ကာကွယ်ကြပါ။ မက်စ်တပ်ခြင်း၊ လက်ဆေးခြင်း၊ ခပ်ခွာခွာနေခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းနဲ့ လေဝင်လေထွက်ကောင်းတဲ့နေရာတွေမှာနေထိုင်ခြင်း ဒါတွေကို မဖြစ်မနေဆောင်ရွက်ပြီး ရောဂါမဖြစ်အောင် ကာကွယ်တာက အကောင်းဆုံးပါ။ ရောဂါဖြစ်ပြီးတဲ့နောက်မှာ နောက်ဆက်တွဲရောဂါတွေ ရှိလာနိုင်ပါတယ်။

ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားပြီးနောက် မိမိခန္ဓာကိုယ်မှာ ရောဂါအသစ် ထပ်ပေါ်လာတာရှိနိုင်ပါတယ်။ ကမ္ဘာပေါ်မှာ ဒီရောဂါကို စတွေ့ချိန်ကစလို့ တစ်နှစ်ကျော်/ နှစ်နှစ်ကာလထဲကို ရောက်လာတဲ့ ကာလဖြစ်တာတောင် သူ့နောက်ဆက်တွဲက ဘာတွေဖြစ်နိုင်လဲဆိုတာ အကုန်မသိနိုင်သေးပါဘူး။ ရှေ့မှာတင်ပြခဲ့သလို သုတေသနတွေ အများကြီး ဆက်လုပ်နေရတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့် ရောဂါမဖြစ်တာ အကောင်းဆုံးဖြစ်ပါတယ်။ ကာကွယ်ခြင်းသာ အကောင်းဆုံးဆိုတာ ဒီနေရာကနေ ဦးစွာပထမ အသိပေးတင်ပြလိုပါတယ်။

ဒါဆိုရောဂါကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးပိုင်းဆိုင်ရာတွေကို ထိခိုက်စေပါတယ်။ ၁၀ ဦးမှာ တစ်ဦးအထက်က ဒီလိုမျိုး နောက်ဆက်တွဲရောဂါ လက္ခဏာတွေ ခံစားရတတ်တယ်ဆိုတော့ ပထမဦးဆုံးတင်ပြလိုတာက ရုပ်ပိုင်းဆိုင်ရာမှာ တွေ့ရတဲ့လက္ခဏာတွေအနေနဲ့ အသက်ရှူလို့ သိပ်မကောင်းတာ ဖြစ်ပါတယ်။ နည်းနည်းနေကောင်းလာတာတောင် အသက်ရှူရတာ သိပ်မကောင်းဘူး၊ ရင်ခေါင်းမှာ တစ်ဆို့ဆို့ကြီး ဖြစ်နေတယ်။

### ရုပ်ပိုင်းဆိုင်ရာ လက္ခဏာတွေ

နောက်ထပ်လက္ခဏာတစ်ခုက ဘာပဲလုပ်လုပ် အားမရှိဘူး၊ နွမ်းနေတယ်၊ နုံးချည့်နေတယ်၊ အားကုန်နေတယ်ဆိုပြီး ဖြစ်ပါတယ်၊ ဒီနှစ်ခုက အများဆုံးတွေ့ရတာပါ။ နောက်ထပ်တွေ့ရတာက ချောင်းဆိုးမပျောက်ဘူး၊ လည်ချောင်းက ယားလာတယ်၊ ချောင်းကဆက်တိုက်ဆက်တိုက် ဆိုးချင်နေတာ ဖြစ်ပါတယ်။ နောက်ထပ်လက္ခဏာတွေက ခေါင်းကိုက်တယ်၊ ရင်တုန်တယ်၊ ရင်ထဲကနေ တစ်လှပ်လှပ်နဲ့ တုန်လာတယ်၊ ရုတ်တရက်ထိုင်နေရတာကနေ ထလိုက်တဲ့အခါကျရင် မူးသွားတယ်၊ အနံ့ပျောက်တာကလည်း မကောင်းဘဲ အနံ့က ဆက်ပြီးပျောက်နေတယ်၊ တစ်ခါတလေကျရင် အရသာပါ ဆက်ပြီးပျောက်နေတယ်။ မျက်စိကြည့်လို့မကောင်းတာ၊ ဝါးတားတားဖြစ်နေတာ နှစ်ထပ်မြင်တာတွေရှိတယ်။ သွေးပေါင်တွေတက်လာတာတွေ့ရတယ်။ တချို့လူနာတွေမှာ ဆေးရုံမတက်ခင်က သွေးတိုးရောဂါမရှိဘူး၊ ဆေးရုံဆင်းတော့မှ သွေးတိုးရောဂါရှိလာတာတွေ့ရတယ်။ အရေပြားပေါ်မှာ အကွက်တွေ ထွက်လာတာ၊ နောက်တစ်ခုက အမျိုးသမီးတွေမှာ ဓမ္မတာတွေ မမှန်တော့တာ စသဖြင့် ရုပ်ပိုင်းဆိုင်ရာ လက္ခဏာတွေ တွေ့ရတတ်ပါတယ်။

စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်ပြီး လက္ခဏာတွေ ဖြစ်ပွားတာလည်း အများကြီးတွေ့ရပါတယ်။ အဖြစ်အများဆုံးက စဉ်းစားလို့ဘာမှမရဘူး။ ခေါင်းထဲမှာ ဘာမှမရှိဘူး။ Brain Fog လို့ ခေါ်ကြပါတယ်။ ဦးနှောက်ထဲမှာ အခိုးအငွေ့တွေနဲ့ မှိုင်းနေသလို ဘာမှစဉ်းစားလို့ မထွက်တာမျိုးဖြစ်နေတယ်။ လေးလေးနက်နက် စဉ်းစားလေ ပိုပြီးမထွက်လေ၊ စိတ်ရှုပ်လေဖြစ်တာမျိုးတွေရှိပါတယ်။ စိတ်က ဘာမှစဉ်းစားလို့မရဘူး၊ စိတ်အားကုန်သွားတယ်။ ဦးနှောက်ထဲမှာ Block ဖြစ်သွားတယ် ဆိုတာကို တွေ့ရပါတယ်။

နောက်တစ်ခုက စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှု (Mood changes) ပါ။ အရင်က စိုးရိမ်စိတ်တွေ မရှိဘူး။ အခု တစ်ခုခု ကြားလိုက်တယ်ဆိုရင် ထိတ်ခနဲ စိုးရိမ်စိတ်နဲ့ လန့်သွားတာမျိုး (Anxiety)တွေ၊ စိတ်ဓာတ်တွေကျပြီး ဘာမှမလုပ်ချင်၊ မကိုင်ချင် ဖြစ်တာမျိုး(Depression)တွေ တွေ့လာရပါတယ်။ အရင်က ဒါမျိုးတွေမရှိပေမယ့် ပြန်ကောင်းလာတဲ့ အချိန်မှာ ဖြစ်လာတာမျိုးတွေ တွေ့ရပါတယ်။

နောက်တစ်ခု ဆေးရုံတက်ပြီး ဆေးရုံအထူးကြပ်မတ်ကုသဆောင်(ICU)မှာ ကြာကြာနေရပါတယ်။ မိမိခန္ဓာကိုယ်မှာလည်း ပိုက်တွေပေါင်းစုံတပ်ထားရတယ်။ တစ်ဖက်မှာ ကိုယ့်ခုတင်နားက လူနာတွေ ဆုံးသွားတာတွေကို မြင်ခဲ့ရတယ်။ ဒီလို မြင်ကွင်းတွေ၊ စိတ်ထဲမှာ ခံစားရတာတွေက မပျောက်တော့ဘူး။ မျက်စိမှိတ်လိုက်တာနဲ့ ဒီမြင်ကွင်းတွေ မြင်နေတယ်။ နောက်ပိုင်းမှာ အိပ်မက်ဆိုးတွေ မက်တာတွေရှိလာပါတယ်။

စာမျက်နှာ ၁၁ သို့ ❒

❒ စာမျက်နှာ ၁၀ မှ

ဒါတွေက Post–Intensive Care Syndrome (PICS) လို့ခေါ်တဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ဖြစ်တတ်ပါတယ်။ ဒါတွေသိပ်ပြီး ပြင်းထန်လာရင် တွေးခေါ်ဆုံးဖြတ်တဲ့အပိုင်းတွေမှာ လွဲမှားလာတာ၊ ထစ်ခနဲဆို စိတ်တိုပြီး တစ်ခုခုလုပ်မိတာတွေ ရှိလာတယ်၊ ဒါကို Post–Traumatic Stress Disorder (PTSD) လို့ ခေါ်ပါတယ်။ ဒီလို စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ တော်တော်များများ ဖြစ်တတ်ပါတယ်။ ဒါကနဦးအနေနဲ့ တွေ့ရှိချက်တွေဖြစ်ပါတယ်။ နောက်ပိုင်းမှာ ဒီထက်များလာစရာရှိပါတယ်။ ဘာတွေဆက်ပြီး ဖြစ်နိုင်တယ်ဆိုတာ သုတေသနပြုလေ့လာရဦးမှာဖြစ်ပါတယ်။

နောက်ပြီး လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ဖြစ်တယ်။ အလုပ်နဲ့ပတ်သက်ပြီး ထိခိုက်မှုတွေ၊ ဝင်ငွေနဲ့ပတ်သက်ပြီး ထိခိုက်မှုတွေ ဒါတွေရှိနိုင်ပါတယ်။ မိတ်ဆွေအပေါင်းအသင်းတွေ ဆုံးရှုံးတာ ရှိနိုင်တယ်။ မိသားစုဝင် တစ်ယောက်ယောက် ဆုံးရှုံးတာ၊ အိမ်မှာအဓိက ဝင်ငွေရှာပေးနေတဲ့ အိမ်ထောင်ဦးစီးလိုမျိုး ဆုံးရှုံးတာမျိုးဆိုရင်လည်း မိသားစုစီးပွားရေး၊ ဝင်ငွေရလမ်းနဲ့ ဘဝရပ်တည်မှု အပေါ် ထိခိုက်နိုင်တာတွေ ရှိပါတယ်။

ပြန်ပြီးခြုံငုံပြောရရင် ကိုဗစ် – ၁၉ ရောဂါရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေ ရှိပါတယ်။ အနည်းနဲ့ အများသာ ကွာခြားပါတယ်။ ပြန်ကောင်းလာသူ ၁၀ ဦးမှာ တစ်ဦးနှုန်းထက် ပိုပြီးခံစားရနိုင်ပါတယ်။ အချို့က သက်သက်သာသာနဲ့ ပြန်ကောင်းသွားတယ်။ အချို့က ဆက်ပြီးခံစားနေရတယ်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေက ပုံမှန်အားဖြင့် ရက်သတ္တ သုံးပတ်၊ လေးပတ်ဆိုရင် ပြန်ကောင်းရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အချို့မှာ ခြောက်လလောက်အထိကို ပြန်မကောင်းဘူး။ အချို့ဆို တစ်နှစ်လောက်အထိ မကောင်းဘူးဆိုတဲ့ လူတွေလည်းရှိပါတယ်။ များသောအားဖြင့် သုံးလလောက်နေရင် ပြန်ကောင်းသင့်ပါတယ်။ ဒီထက် ကြာရှည်နေရင် ဂရုစိုက်ရမယ်။ ကျွမ်းကျင်တဲ့ ပညာရှင်တွေနဲ့ပြသပြီး ဆေးကုသမှုခံယူရပါမယ်။

**အချက်ရှစ်ချက်**

ကိုဗစ်–၁၉ ရောဂါရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေ လျော့ပါးသက်သာစေရေး ကိုဗစ် – ၁၉ ရောဂါ ပြန်ကောင်းလာသူတွေအနေနဲ့ လိုက်နာရမယ့် အချက် ရှစ်ချက်ကို တင်ပြလိုပါတယ်။ နံပါတ် (၁) အချက်က စိတ်ဓာတ်ကျတာ၊ စိုးရိမ်ထိတ်လန့်တာတွေက အိပ်ရာထဲမှာ လှဲနေရင် ပိုဆိုးပါတယ်။ လူက မလှုပ်လေလေ ခန္ဓာကိုယ်က သန်စွမ်းမှုအင်အားကို ပြန်လည်တည်ဆောက်ရ ခက်လေလေ ဖြစ်ပါတယ်။ အိပ်ရာထဲလှဲမနေဘဲ ကိုယ်လက်လှုပ်ရှားမှု လုပ်တာ၊ လမ်းလျှောက်တာ၊ အိမ်မှုကိစ္စလုပ်တာတွေကို တတ်နိုင်သမျှ စတင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ နောက်ပြီး တစ်နေ့တာအတွင်း လှုပ်ရှားမှု အကြိမ်ရေ၊ တစ်ခါလှုပ်ရှားရင် ကြာမြင့်ချိန်၊ ပြင်းထန်မှု စသဖြင့် တတ်နိုင်သလောက် မိမိဘာသာ သတိပြုပြီး တဖြည်းဖြည်းချင်းတိုးပြီး လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

နာလန်ထ လူမမာအတွက် အရေးကြီးတာက အသက်ရှူလေ့ကျင့်ခန်းဖြစ်ပါတယ်။ အလွယ်ဆုံးလည်းဖြစ်၊ အရင်ဆုံး စပြီးလုပ်သင့်တာလည်း ဖြစ်ပါတယ်။ အဆုတ်က လေပူဖောင်းလိုဖြစ်လို့ ကြွက်သား တွေမရှိပါဘူး၊ အဆုတ်ကို ကြွက်သားတွေလို သန်မာအောင်လုပ်လို့မရပါဘူး။ ဒါပေမယ့် လူအသက်ရှူတဲ့အခါမှာတော့ ကြွက်သားတွေ မဖြစ်မနေ ပါဝင်ပြီးလှုပ်ရှားရပါတယ်။ အဓိက လှုပ်ရှားရတာ ဝမ်းဗိုက်ကန့်လန့်ကာ ကြွက်သား (Diaphragm)၊ ပြီးတော့ နံရိုးကြားမှာရှိတဲ့ ကြွက်သားတွေ၊ လည်ပင်းမှာရှိတဲ့ ကြွက်သားတွေက ဝိုင်းပြီး အလုပ်လုပ်ပေးရတာဖြစ်ပါတယ်။

လေ့ကျင့်ပေးတာနဲ့အမျှ အသက်ရှူတဲ့ ကြွက်သားတွေက သန်မာလာတယ်။ အလွယ်ကူဆုံးနည်းက အသက်ကို ဖြည်းဖြည်းချင်း ရှူသွင်းလိုက်တယ်။ ဖြည်းဖြည်းချင်း ပြန်ရှူထုတ်ဖို့ပါ။ ငါးစက္ကန့်၊ ခြောက်စက္ကန့်လောက် ဖြည်းဖြည်းချင်း ရှူသွင်းလိုက်မယ်၊ ပြီးရင် ခုနစ်စက္ကန့်၊ ရှစ်စက္ကန့်ကြာအောင် ဖြည်းဖြည်းချင်း နှုတ်ခမ်းလေးစူပြီး လေပြန်ထုတ်မယ်၊ ဒါမျိုးတစ်ရက်ကို အနည်းဆုံး လေး၊ ငါးကြိမ်လောက် လုပ်ပေးလိုက်ရင် စိတ်လည်းတည်ငြိမ်တယ်၊ အသက်ရှူတဲ့ ကြွက်သားတွေကို လေ့ကျင့်ပေးရာ ရောက်ပါတယ်။ သိပ်မပြင်းထန်တဲ့ ကိုယ်လက်လှုပ်ရှားမှုတွေနဲ့ အသက်ရှူလေ့ကျင့်ခန်းကို တွဲလုပ်သင့်ပါတယ်။ တစ်ကြိမ်တစ်ခါတည်းလုပ်ပြီး ဆက်မလုပ်ဘဲနေလို့ မရပါဘူး။ ပြန်ကောင်းလာတဲ့ ကာလမှာ နေ့စဉ်ဆက်တိုက် ကိုယ်တတ်နိုင်သလောက်လုပ်ဖို့ အရေးကြီးပါတယ်။

**ရည်ရွယ်စားသောက်သင့်**

နံပါတ် (၂) အချက်က အစားအသောက် ဝဝလင်လင် ပြန်စားပေးဖို့ပါ။ အချို့က နုံးနေတာ၊ မလှုပ်ချင်တာကြောင့် အစားအသောက် မစားဖြစ်ဘူး။ အနံ့အရသာပျောက်နေရင်လည်း အစာမစားချင်တော့ဘူး။ ဒီလိုမျိုးတွေ ဖြစ်တယ်ဆိုရင်လည်း အောင့်အည်းသည်းခံပြီး စားဖို့လိုပါတယ်။ စားတဲ့အခါမှာ အာဟာရပြည့်ဝဖို့၊ ခန္ဓာကိုယ်ထဲမှာ ရောင်ရမ်းနေတာတွေကျဖို့ ရည်ရွယ်ပြီး စားသောက်သင့်ပါတယ်။ အရောင်အသွေးစုံလင်တဲ့ သဘာဝအသီးအနှံတွေ၊

**ကိုဗစ်-၁၉ ရောဂါရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေ ရှိပါတယ်။ အနည်းနဲ့ အများသာ ကွာခြားပါတယ်။ ပြန်ကောင်းလာသူ ၁၀ ဦးမှာ တစ်ဦးနှုန်းထက် ပိုပြီးခံစားရနိုင်ပါတယ်။ အချို့က သက်သက်သာသာနဲ့ ပြန်ကောင်းသွားတယ်။ အချို့က ဆက်ပြီးခံစားနေရတယ်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေက ပုံမှန်အားဖြင့် ရက်သတ္တ သုံးပတ်၊ လေးပတ်ဆိုရင် ပြန်ကောင်းရမှာ ဖြစ်ပါတယ်။**

ဥတွေ၊ အသားတွေ၊ များများစားပေးဖို့လိုပြီး အဓိက ပရိုတိန်းဓာတ်နဲ့ ဗီတာမင်ဓာတ်တွေကို ပြန်ဖြည့်ပေးဖို့ လိုပါတယ်။ ခန္ဓာကိုယ်က ခုခံအားစနစ် ပြန်တည်ဆောက်တဲ့အခါ အသားဓာတ်တို့၊ ဗီတာမင်တို့ အများကြီး လိုပါတယ်။ ဒီတော့ သူတို့ကို များများစားပေးဖို့ လိုပါတယ်။

ရှောင်ရမယ့် အစားအသောက်တွေရှိပါတယ်။ ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုတွေဖြစ်စေတဲ့ အစားအသောက်တွေ၊ ခန္ဓာကိုယ်အတွက် ဘေးထွက်ဆိုးကျိုးများမယ့် အစားအသောက်တွေ ဒါတွေကို ရှောင်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် အသင့်စားအစားအသောက်တွေမှာ ပါဝင်တဲ့ အသွင်ပြောင်းဆီပါတဲ့ အစားအသောက်တွေကို လုံးဝမစားမိဖို့ လိုပါတယ်။ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ရောင်ရမ်းမှုတွေကို ပိုပြီးဖြစ်စေပါတယ်။ လုံးဝရှောင်ရှားရမှာ ဖြစ်ပါတယ်။ ခဏခဏ ပြန်ကြော်ထားတဲ့ ဆီတွေနဲ့ ကြော်ထားတဲ့ အစားအစာတွေကို မစားမိဖို့လိုပါတယ်။

ဒီအချိန်မှာ ဆေးလိပ်သောက်တာ၊ အရက်သောက်တာတွေက ခန္ဓာကိုယ်ထဲမှာရှိတဲ့ ရောင်ရမ်းမှုတွေကို တက်စေပါတယ်။ အသည်းကို ထိခိုက်မှုတွေ ဖြစ်စေတယ်။ ဒါကြောင့် ဒါတွေကို ရှောင်ရှားရမှာဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ပြန်အားမွေးပြီး ခန္ဓာကိုယ်က အစာနဲ့အရည်ဓာတ် များများရအောင် စားသောက်ပေးရမှာ ဖြစ်ပါတယ်။

နံပါတ် (၃) အချက်က စိတ်ကို အနားပေးရမှာ ဖြစ်ပါတယ်။ စိတ်ရှုပ်စေမယ့် ဆိုရှယ်မီဒီယာ ကြည့်တာတွေကို ရှောင်သင့်ပါတယ်။ ဖြစ်နိုင်ရင် ဆိုရှယ်မီဒီယာ ခဏအဆက်အသွယ်ဖြတ်ထားပါ။ စိတ်ကိုကြံ့ခိုင်ကျန်းမာစေမယ့် သက်ဆိုင်ရာ ဘာသာတရားအလိုက် ပုတီးစိပ်၊ တရားထိုင်တာတွေ လုပ်ဖို့လိုပါတယ်။ စိတ်ချမ်းသာအောင် သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ စကားပြောတာ၊ တိုင်ပင်တာ၊ တစ်ခုခု စိတ်ထဲမှာခံစားရရင် မိသားစုတွေနဲ့ ဝေမျှခံစားတာ၊ ကိုယ့်ကို အကြံဉာဏ်ပေးနိုင်မယ့် သူတွေနဲ့ တိုင်ပင်ဆွေးနွေးတာတွေ လုပ်ဆောင်သင့်ပါတယ်။

စိတ်ပိုင်းဆိုင်ရာအနေနဲ့ နောက်တစ်ခုအလေးထားပြီး လုပ်ရမယ့်ကိစ္စက မှတ်ဉာဏ်ပိုင်းဆိုင်ရာ ဖြစ်ပါတယ်။ ဒီအချိန်မှာ ငယ်သူငယ်ချင်း နာမည်တွေကို စဉ်းစားပြီးရေးချတာ၊ ဖုန်းနံပါတ်တွေ ပြန်ရေးကြည့်တာ၊ တချို့ပုစ္ဆာဖြေရှင်းတဲ့ ပေါ့ပေါ့ပါးပါး ဂိမ်း(Puzzle game) တွေကို ကစားတာ ဒါမျိုးတွေကို လုပ်ဆောင်ပြီး ဦးနှောက်မှတ်ဉာဏ်ကို ပြန်ကောင်းအောင် လေ့ကျင့်ယူရမှာ ဖြစ်ပါတယ်။ လေ့ကျင့်ယူရင် တဖြည်းဖြည်းပြန်ကောင်းလာတဲ့ သာဓကတွေ အများကြီးရှိပါတယ်။ စိတ်ပိုင်းဆိုင်ရာနဲ့ပတ်သက်ရင် စိတ်ထိခိုက်နိုင်တာတွေကို ရှောင်ကြဉ်ပြီး မှတ်ဉာဏ် ပြန်ကောင်းစေမယ့်အရာတွေကို ဆောင်ရွက်သင့်ပါတယ်။

နံပါတ်(၄) အချက်က နေ့စဉ် ခုနစ်နာရီ၊ ရှစ်နာရီလောက် အိပ်ရေးဝအောင် အိပ်ဖို့လိုပါတယ်။ တစ်ရက်ကို ၁၂ နာရီ၊ ၁၄ နာရီလောက် အအိပ်မလွန်ဖို့ လိုပါတယ်။ ကိုယ့်အတွက် ကျန်းမာရေးနဲ့ ညီညွတ်အောင် အိပ်ရေးဝဖို့ လိုပါတယ်။ များသောအားဖြင့် အိပ်မပျော်တာတွေ ဖြစ်တာများပါတယ်။ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ဆိုတာ များသောအားဖြင့် အိပ်နေတဲ့အချိန်မှ ပြန်လည်ပြီး တည်ဆောက်ရတာဖြစ်ပါတယ်။ အိပ်ရေးမဝလေလေ၊ အိပ်ရေးပျက်လေလေ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်က တည်ဆောက်မှု အားနည်းလေလေဖြစ်ပါတယ်။ ကျွန်တော်တို့ အမြဲတမ်းပညာပေးတဲ့ သတင်းစကားဖြစ်တဲ့ အိပ်ရေးဝအောင် အိပ်ပါဆိုတာ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို ကောင်းမွန်စွာ တည်ဆောက်စေလိုတဲ့ သဘောနဲ့ ဖြစ်ပါတယ်။ အိပ်ရေးမဝတဲ့အခါ ပြန်လည်ပြီး နေကောင်းတာက ကြာမယ့်အပြင် အခြားရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတွေ အများကြီးထိခိုက်မှာ ဖြစ်ပါတယ်။

အိပ်ခါနီး အသက်ရှူ လေ့ကျင့်ခန်းလုပ်တာ၊ တရားမှတ်တာ၊ သီချင်းနားထောင်တာ၊ ကိုယ်စိတ်ဝင်စားတဲ့ စာတစ်ခုခု ဖတ်တာ၊ ကိန်းဂဏန်းတွေ ရေတွက်ပေးတာတွေက အိပ်ပျော်ဖို့ကို အားပေးပါတယ်။ ဒါတွေလုပ်လို့မှ အိပ်မပျော်ဘူး၊ အိပ်ဆေးတွေ ဆက်တိုက်သောက်နေရတယ်ဆိုရင် ကျွမ်းကျင်တဲ့ ပညာရှင်နဲ့ တိုင်ပင်သင့်ပါတယ်။

**ဖြည်းဖြည်းချင်း အားမွေး**

နံပါတ်(၅) အချက်က နေပြန်လည်ကောင်းမွန်တဲ့ ခရီးလမ်းကြောင်း (Recovery Journey) ကို သွားနေတဲ့အချိန်မှာ စိတ်မလောဖို့၊ ဖြည်းဖြည်းနဲ့ မှန်မှန်ဖြစ်ဖို့ လိုပါတယ်။ အချို့က လူငယ်လည်း ဖြစ်တော့ ဆေးရုံဆင်းပြီဆိုရင် ကိုယ့်ကိုယ်ကိုယ် လူကောင်းလို့ထင်တတ်ကြပါတယ်။ မိမိခန္ဓာကိုယ်က အထဲမှာ တစ်ခုခုဖြစ်နေတာ ရှိနေနိုင်ပါတယ်။ လုံးဝကောင်းပြီလို့ မှန်းလို့မရသေးတဲ့အခြေအနေပါ။ ဥပမာ အနေနဲ့ နှလုံးကြွက်သားရောင်နေတယ်၊ ကိုယ်က မသိဘူး၊ လှုပ်ရှားမှုတွေ ပြင်းပြင်းထန်ထန် လုပ်လိုက်မိရင် ရုတ်တရက် နှလုံးခုန်ရပ်သွားတာ၊ နှလုံးခုန်တာ စည်းချက်မမှန်တော့တာမျိုးတွေ ဖြစ်သွားနိုင်ပါတယ်၊ အသက်အန္တရာယ်အထိ ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် မလောပါနဲ့။ ကိုယ်သည် လူကောင်း တစ်ယောက် မဖြစ်သေးဘူး နာလန်ထခါစ လူမမာဖြစ်တယ်ဆိုတာကို ခံယူပြီး ဖြည်းဖြည်းချင်းပြန်ပြီး အားမွေးယူရမှာ ဖြစ်ပါတယ်။

နံပါတ်(၆) အချက်က ကိုယ့်ကိုယ်ကိုယ် စောင့်ကြည့်ရမယ့် အချက်တွေရှိပါတယ်။ နေကောင်းလာလို့ ဆေးရုံကဆင်းလာပြီ၊ ကိုယ်အသက်ရှူရ အရမ်းခက်နေလား ဒါဆိုရင် အရေးကြီးလာပြီ။ နောက်တစ်ခုက ရင်ဘတ်အောင့်တာ၊ ရင်ဘတ်အပေါ်က အလေးကြီးတစ်ခုခုနဲ့ ဖိထားသလို ခံစားနေရမယ်ဆိုရင် နှလုံးတိုက်ခိုက်ခံရတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ နောက်တစ်ခုက စိတ်အရမ်းရှုပ်လာမယ်၊ စကားပြောရတာ မပီချင်တော့ဘူး၊ သတိလစ်ချင်သလို ဖြစ်လာပြီဆိုရင် ချက်ချင်းကျန်းမာရေးဌာနနဲ့ ဆက်သွယ်ပြီး အရေးပေါ်သွားရောက်ရမှာ ဖြစ်ပါတယ်။ နောက်ပြီး မျက်နှာ၊ နှုတ်ခမ်းတွေ ပြာလာမယ်ဆိုရင် အောက်ဆီဂျင် ကောင်းကောင်းမရတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ အောက်ဆီဂျင်တိုင်းတဲ့စက်ရှိရင် ပုံမှန်တိုင်းကြည့်နေရမှာ ဖြစ်ပါတယ်။ အောက်ဆီဂျင် ၉၄ ရာခိုင်နှုန်းအောက် ကျနေပြီဆိုရင် နီးစပ်ရာမိသားစုဆရာဝန် (သို့မဟုတ်) ကျန်းမာရေးဌာနကို ချက်ချင်းအကြောင်းကြား ကုသမှုခံရမှာ ဖြစ်ပါတယ်။

ကျန်းမာရေးဌာနကို ချက်ချင်းသွားစရာ မလိုပေမယ့် သတိပြုစောင့်ကြည့်ပြီး ကိုယ့်ဆရာဝန်ဆီကို မဖြစ်မနေဆက်သွယ်ရမယ့်အချက်တွေ ရှိပါတယ်။ ဒါက တစ်ညလုံးအိပ်လို့မပျော်ဘူး၊ အိပ်ပျော်ချိန်က ၁၀ မိနစ်၊ ၁၅ မိနစ်၊ နာရီဝက်လောက်ပဲ အိပ်ပျော်တဲ့ညတွေ ဆက်တိုက်ဖြစ်လာတယ်။ နောက်တစ်ခုက ကိုယ်အလေးချိန် တစ်ပတ်၊ နှစ်ပတ်အတွင်း သိသိသာသာ ကျသွားတယ်၊ ဒါမှမဟုတ် ကိုယ်အလေးချိန်တွေ သိသိသာသာ တက်လာတယ်။ ဒါမျိုးဆိုရင် ဆရာဝန်နဲ့ တိုင်ပင်ဖို့ လိုပါတယ်။ ဝမ်းပျက်ဝမ်းလျှောလိုမျိုး ဆက်တိုက်ဖြစ်လာရင်လည်း ဆရာဝန်နဲ့ ဆက်သွယ်တိုင်ပင်ဖို့ လိုပါတယ်။

**တစ်ယောက်တည်းမနေသင့်**

နံပါတ် (၇)အချက်အနေနဲ့ မည်သူမဆို အထူးသဖြင့် အသက်အရွယ်ကြီးတဲ့သူတွေ အနေနဲ့ သိပ်လည်း နေပြန်မကောင်းသေးဘူးဆိုရင် တစ်ယောက်တည်းမနေသင့်ဘဲ မိသားစုရှိတဲ့နေရာ၊ အရေးပေါ် ပြုစုစောင့်ရှောက်ပေးနိုင်မယ့်လူတွေ အနားမှာ အနီးကပ်နေတာကောင်းပါတယ်။ ခုနပြောတဲ့ နောက်ဆက်တွဲလက္ခဏာတွေ ပေါ်လာတာ၊ အိပ်မပျော်တာ၊ စားမဝင်တာ၊ စိုးရိမ်ထိတ်လန့်တာ စသဖြင့် တစ်ခုခုဆိုရင် တိုင်ပင်ဖော်၊ တိုင်ပင်ဖက် အဖော်လိုပါတယ်။ လုံးဝအရှင်းပြန်မကောင်းသေးတဲ့ကာလမှာ တစ်ယောက်တည်းနေတာကို ရှောင်ကြဉ်သင့်ပြီး မိမိကို အနီးကပ်စောင့်ရှောက်နေနိုင်မယ့်သူ၊ မိသားစုနဲ့ အတူနေထိုင်သင့်ပါတယ်။ ဆေးရုံ၊ ဆေးခန်းသွားရမယ်ဆိုရင် သူတို့က ပို့ဆောင်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီအချက်က အရေးကြီးပါတယ်။

နံပါတ် (၈) အချက်က လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်မှုတွေကို လျှော့ချဖို့လိုပါတယ်။ နေပြန်ကောင်းလာပြီ၊ တစ်ယောက်တည်း သီးသန့်ခွဲခြား (Isolation) နေရမယ့် ကာလလည်းပြည့်ပြီဆိုရင် ကိုယ့်လုပ်ငန်းခွင်ရှိတဲ့နေရာကို ပြန်သွားသင့်ပါတယ်။ ဒီလို သွားတဲ့အခါမှာလည်း ပါးစပ်နှင့်နှာခေါင်းစည်း(Mask)တပ်၊ လက်ဆေး၊ ခပ်ခွာခွာနေ၊ လေဝင်လေထွက်ကောင်းတဲ့နေရာမှာနေ စတာတွေအပြင် မိမိတို့လုပ်ငန်းခွင်မှာ လုပ်ငန်းခွင်အလိုက် ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ သွားလာနေထိုင်လုပ်ကိုင်ဖို့ လိုပါတယ်။

အလုပ်ထဲပြန်ရောက်တဲ့အခါ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာထိခိုက်မှုတွေက သက်သာလာမယ်၊ ပြန်လည်ကျန်းမာပြီး စိတ်လည်းချမ်းသာမယ်၊ ဝင်ငွေလည်းကောင်းမယ့်သူ တစ်ယောက်အဖြစ် ပြန်လည်ရပ်တည်လာနိုင်မှာဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ရောဂါ ပြန်ကောင်းလာသူတွေ အနေနဲ့ ဒီအချက် ရှစ်ချက်က လိုက်နာသင့်တဲ့ အချက်တွေဖြစ်ကြောင်း ဒီနေရာကနေ အကြံပြုတင်ပြလိုပါတယ်။ ပြည်သူများလည်း ကိုဗစ် – ၁၉ ရောဂါနဲ့ နောက်ဆက်တွဲခံစားရတဲ့ ရောဂါတွေ အန္တရာယ်က ကင်းဝေးကြပါစေလို့ ထပ်မံပြီး ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတွင် သတ္တုမှုန်များပါဝင်ကြောင်း စစ်ဆေးတွေ့ရှိ




**တိုကျို ဩဂုတ် ၂၆**

အမေရိကန်နိုင်ငံထုတ် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတွင် အန္တရာယ်ဖြစ်စေနိုင်သော သတ္တုမှုန်များ ပါဝင်နေသည်ကို တွေ့ရှိရကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောသည်။

အဆိုပါကာကွယ်ဆေးကို သုတေသနပြုရာတွင် သတ္တုမှုန်များပါဝင်နေကြောင်း တွေ့ရှိရသည့်အတွက် နိုင်ငံအတွင်း၌ အဆိုပါကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၆ သန်းသုံးစွဲမှုကို ဆိုင်းငံ့ထားရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

နိုင်ငံအတွင်းရှိ ကာကွယ်ဆေးထိုးနှံမှုစင်တာ ရှစ်ခု၌ အသုံးမပြုရသေးသည့် ကာကွယ်ဆေး ၃၉ ပုလင်းတွင် သတ္တုမှုန်အချို့ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

သို့သော် ကျန်းမာရေးအရ ဘေးဥပဒ်ဖြစ်ခြင်းဆိုင်ရာ အစီရင်ခံစာများ ယခုထိတိုင်မတွေ့ရှိရသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဂျပန်နိုင်ငံအတွင်း ဖြန့်ဖြူးပေးသည့် Takeda ဆေးဝါးကုမ္ပဏီက ၎င်းတို့အနေဖြင့် ကာကွယ်ဆေးများတွင် သတ္တုမှုန်များပါဝင်ခြင်းနှင့် မည်သည့်သတ္တုမှုန်များ ပါဝင်သလဲဆိုသည်နှင့်ပတ်သက်ပြီး မည်သည့်အချက်အလက်ကိုမျှ မသိရှိကြောင်း ပြောသည်။

အဆိုပါကာကွယ်ဆေးများကို စပိန်နိုင်ငံ၌ ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဆေးဝါးကုမ္ပဏီက ဆိုသည်။

ကာကွယ်ဆေးများတွင် သတ္တုမှုန်များပါဝင်ခြင်းနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ပေးရန် Moderna ဆေးဝါးကုမ္ပဏီသို့ တောင်းဆိုထားကြောင်း Takeda ဆေးဝါးကုမ္ပဏီက ဆိုသည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး Moderna ဆေးဝါးကုမ္ပဏီနှင့် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနတို့အကြား ဧေ့စပ်ညှိနှိုင်းပြီး တုံ့ပြန်မှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း Takeda ဆေးဝါးကုမ္ပဏီက ဆက်လက်ပြောသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၈၀၀ ထပ်မံတွေ့ရှိ

**ဂျေရုဆလင် ဩဂုတ် ၂၆**

အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၈၀၀ ကို ယနေ့ ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၂၄၁၀၀ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၉၀၉ ရှိလာပြီး ရောဂါမှ သက်သာလာသူ ၉၃၇၉၄၂ ဦးရှိကြောင်းသိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအကြိမ် ထိုးနှံပြီးစီးသူ ၅ ဒသမ ၉၃ သန်းကျော်ရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးသူ ၅ ဒသမ ၄၆ သန်းရှိကာ တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးသူ ၁ ဒသမ ၇၇ သန်းကျော်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ**

# မလေးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၄၅၉၉ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၂၆**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၅၉၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၆၄၀၈၄၃ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၁၉၇၆၁ ဦးသည် ရောဂါလက္ခဏာ ပြင်းထန်မှုမရှိကြောင်းနှင့် အများစုမှာ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်း မရှိသေးသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူဟစ်ရှမ်အဗ်ဒူလာရ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၉၃ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၅၂၁၁ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ၂၂၆၅၇ ဦး ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၁၃၅၉၇၉၁ ဦး (ရောဂါကူးစက်ခံရသူအားလုံး၏ ၈၂ ဒသမ ၉ ရာခိုင်နှုန်း)ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၂၆၅၈၄၁ ဦးရှိပြီး ၉၉၀ သည် အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှုခံယူနေရပြီး ယင်းတို့အနက် ၄၈၇ ဦးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများတပ်ဆင်ထားရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၈၉၉ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ ဩဂုတ် ၂၆**

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၈၉၉ ဦးကို ယနေ့ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၄၃၇၃၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၈၈၉ ဦးထပ်မံသေဆုံးသဖြင့် သေဆုံးသူပေါင်း ၁၃၀၁၈၂ ဦးရှိလာကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါမှ သက်သာလာသဖြင့် ဆေးရုံမှ ဆင်းသူပေါင်း ၃၀၀၉၉ ဦးရှိသဖြင့် ရောဂါမှ သက်သာလာသူ ၃၆၆၉၉၆၆ ဦးရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်းရှိပြည်သူ ၂၀၈ ဒသမ ၂ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**




**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၂၁၄၉၇၆၈၃၇ ဦး

သေဆုံးသူ
၄၄၈၁၁၄၃ ဦး

ပြန်လည်ကျန်းမာလာသူ
၁၉၂၃၀၀၇၈၉ ဦး

## ကယားပြည်နယ်အတွင်းရှိ အကြမ်းဖက် PDF အဖွဲ့များအား ထောက်ပံ့ပေးနေသူ သုံးဦးနှင့် အကြမ်းဖက် PDF အဖွဲ့ဝင် ၁၀ ဦးအား ဖမ်းဆီးရမိမှု Diagram



☆ ကျောဖုံးမှ

တရားခံမျိုးပပ၏ထွက်ဆိုချက်အရ ကယားပြည်နယ်ရှိအကြမ်းဖက် PDF အဖွဲ့များထံ ထောက်ပံ့ပေးရန် ၎င်း၏ KBZ Pay Account အတွင်းသို့ စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများ ဖွဲ့စည်းထားသည့် Together Myanmar အဖွဲ့မှ ဇူလိုင်လအတွင်း ငွေကျပ် ၁၅၇၂၇၅၀၀၊ ဩဂုတ်လအတွင်း ငွေကျပ် ၆၆၄၂၃၅၀ စုစုပေါင်း ငွေကျပ် ၂၂၃၆၉၈၅၀ အား စင်ကာပူနိုင်ငံနေ ငြိမ်းချမ်းသူမှတစ်ဆင့် ပေးပို့မှုကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်နေ ဦးမြင့်အောင်ထံမှ ငွေကျပ် ၅၀၀၀၀၀ ကိုလည်းကောင်း လက်ခံရရှိခဲ့ကြောင်း၊ လက်ခံရရှိငွေများကို အသုံးပြု၍ တရားခံမျိုးပပသည် ကယားပြည်နယ်ရှိ အကြမ်းဖက်အဖွဲ့များဖြစ်သည့် လွိုင်ကော် PDF၊ ဒီးမော့ဆို PDF၊ KNDF(Karenni Nationalities Defense Force)အဖွဲ့များအတွက် လက်နက်၊ ခဲယမ်းဝယ်ယူရန် ငွေကြေး၊ ဝတ်စုံ၊ ရိက္ခာ၊ ဆေးဝါးများထောက်ပံ့ခြင်းကို စုစုပေါင်း အကြိမ် ၂၀ လုပ်ဆောင်ခဲ့ကြောင်း၊ ၎င်းပေးပို့ထောက်ပံ့သည့် ငွေကြေး၊ ဝတ်စုံ၊ ရိက္ခာ၊ ဆေးဝါးများအား ကယားပြည်နယ်ရှိ အကြမ်းဖက် PDF အဖွဲ့များထံ ပို့ဆောင်ပေးနေသည့် ဆက်စပ်တရားခံ လင်းလင်းခိုင်(ခ) ထွေးခိုင်နှင့် အကြမ်းဖက် PDF သင်တန်းဆင်း ရဲနိုင်ထွေး(ခ) ကိုရဲတို့အား ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ ရှမ်းပိုင်းရပ်ကွက် အိမ်အမှတ်(၆၄)တွင် ဖမ်းဆီးရမိခဲ့ပြီး လင်းလင်းခိုင် (ခ) ထွေးခိုင်နှင့် ရဲနိုင်ထွေး(ခ)ကိုရဲတို့သည် မျိုးပပက ပေးပို့သည့်ငွေများဖြင့် ကယားပြည်နယ်အတွင်း PDF အဖွဲ့များအား ရိက္ခာ၊ စစ်ဝတ်စုံ၊ ဆေးဝါးတို့အား လွိုင်ကော်မြို့မှဝယ်ယူကာ ဒီးမော့ဆိုမြို့နယ်သို့ သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရှိရသည်။

အဆိုပါတရားခံနှစ်ဦး၏ ထွက်ဆိုချက်များနှင့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး(ကလလတ) စစ်ဝတ်စုံများဝတ်ဆင်ပြီး အယောင်ဆောင်ကာ လက်နက်နှင့်ခဲယမ်းများအား ဖားဆောင်းမြို့မှ ဒီးမော့ဆိုမြို့သို့ Super Custom ယာဉ်ဖြင့် သယ်ဆောင်လာသည့် အကြမ်းဖက် ဒီးမော့ဆို PDF အဖွဲ့ဝင်များဖြစ်ကြသော မန်းဒီဇင်(ခ) ငမန်း၊ နိုင်ထွန်းလင်း(ခ)ဆိတ်ကုလား၊ မျိုးဇော်ဟိန်း(ခ)မျိုးကြီး၊ ဟန်ပြည့်ညီ(ခ)ငါးကလေး၊ ကျော်မင်းထက်(ခ)ဗျတ္တာ၊ ကျော်ဇင်ဦး (ခ) အာနီး၊ ဖြိုးဘိုဘို(ခ)ဖြူဖွေး၊ ပေါလု(ခ)ဘင်ဘင်း၊ ကောင်းထက်အောင်(ခ) ကောင်းထက်၊ စိန်သန်းဌေး(ခ)သံချောင်းတို့ ၁၀ ဦးအား ဩဂုတ် ၁၈ ရက် ညနေပိုင်းတွင် ဘောလခဲမြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ M-16 လေးလက်၊ MK-12 သုံးလက်၊ ပစ္စတို သုံးလက်၊ ကျည်မျိုးစုံ ၉၀၆ တောင့် အပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ၁၀ ဦး၏ထွက်ဆိုချက်များအရ ၎င်းတို့သည် မေလနှင့် ဇွန်လအတွင်း ဒီးမော့ဆိုမြို့နယ်၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြောင်း၊ PDF အဖွဲ့များအား ကယားပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် တရားမဝင် NUG အဖွဲ့မှ တရားခံပြေး ခွန်းဘီထူး(ခ)လွီးဇီငြိမ်းနှင့် ချစ်ထွန်းတို့က ညွှန်ကြားစေခိုင်းလျက်ရှိကြောင်း၊ ပြည်တွင်း/ပြည်ပမှ အလှူငွေများအား ဒီးမော့ဆို PDF အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ဝင်း၊ ဘုန်းဇော်ပိုင်၊ ထွန်းလွင်ဦးတို့က ကောက်ခံလျက်ရှိကြောင်း၊ ကောက်ခံရရှိသော ငွေကြေးများဖြင့် လက်နက်ဝယ်ယူမှုအား အကြမ်းဖက်အဖွဲ့ဝင် အောင်စိုးဦး(ခ)သားသား၊ အောင်မြင့်မြတ်(ခ)အောင်မြတ်တို့က လုပ်ဆောင်လျက်ရှိကြောင်း။

အဆိုပါ အကြမ်းဖက် PDF အဖွဲ့ဝင် ၁၀ ဦးသည် ၂၀၂၂ ခုနှစ် မေလအတွင်း ဒီးမော့ဆိုရဲစခန်းအား ဝင်ရောက်တိုက်ခိုက်မှုနှင့် ဒီးမော့ဆိုမြို့နယ် ကျောက်ဆည်ကန်အနီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှု၊ ၂၀၂၂ ခုနှစ် ဇွန်လအတွင်း ဒီးမော့ဆိုမြို့နယ် ဒေါင်ခါးရပ်ကွက် Church ကျောင်းအနီး တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြကြောင်း သိရသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်နေသည့် ကယားပြည်နယ်ရှိ အကြမ်းဖက် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့ကိုဆက်သွယ်ထောက်ပံ့ခဲ့သူများ အပါအဝင် စုစုပေါင်း တရားခံ ၁၃ ဦးအား ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေအရအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မရမ်းကုန်း၊ မြောက်ဥက္ကလာပနှင့် တောင်ကြီးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၅ ရက် ညနေ ၅ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းဘူတာရုံလမ်းတွင် တွေ့ရှိသူ ရဲလင်း(ခ)ရဲလေးအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ၈-ရပ်ကွက် ဥက္ကာ(၇) လမ်းတွင် ဥာဏ်လင်းဦး(ခ)သားသားမောင်းနှင်ပြီး ကြည်ဇင်သာ(ခ)မောင်ကြည် လိုက်ပါလာသည့်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါလမ်းရှိ တည်းခိုခန်း အခန်းအမှတ်(၂၀၆)သို့ ဝင်ရောက်ရှာဖွေရာ မနှင်းရတီချစ်(ခ)နှင်းရတီနှင့် မနန်းယွန်းသီရိတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၈၃၅ ပြား၊ ဘိန်းဖြူ သုည ဒသမ ၀၀၀၁ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီတွင် ရွှေညောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ တောင်နီကျေးရွာနေ ထက်ကို (ခ)လပွတ္တာ၏နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။


**ရဲပြန်ကြား**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CDM ဝန်ထမ်းများအား ငွေကြေးထောက်ပံ့ပြီး PDF အဖွဲ့များထံ ငွေကြေး၊ ရိက္ခာနှင့် လက်နက်ခဲယမ်းထောက်ပံ့ပေးသူများအား ဖောက်ခွဲရေးပစ္စည်းများ၊ ရိက္ခာပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CDM ဝန်ထမ်းများအား ငွေကြေးထောက်ပံ့ပြီး PDF အဖွဲ့များထံ ငွေကြေး၊ ရိက္ခာနှင့် လက်နက်ခဲယမ်းထောက်ပံ့ပေးသူများအား ဖမ်းဆီးရမိမှု Diagram



နေပြည်တော် ဩဂုတ် ၂၆

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များဖြင့် စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ ရက်တွင် တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် တရားရုံးလမ်းရှိ နေအိမ်သို့ လုံခြုံရေးပူးပေါင်းအဖွဲ့ဖြင့် သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ခင်မြတ်သူ (NLD ပါတီ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း) အပါအဝင် ထိန်ဝင်း၊ အေးမင်းစိုး၊ အေးသူဇာ၊ ဇော်လင်းတို့ ငါးဦးကို ဆန်၊ ရိက္ခာပစ္စည်း ၁၃ မျိုး၊ ဆေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိခဲ့သူ ထိန်ဝင်း၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၂ ရက်တွင် သဃ်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မင်းရဲကျော်စွာလမ်း အမှတ်(၃၃၀/ခ) တိုက်ခန်းသို့ သွားရောက်ရှာဖွေခဲ့ရာ လက်လုပ်အသံမိုင်း ၃၅ လုံး၊ လက်လုပ်မီးခိုးမိုင်း ၂၈ လုံး၊ လက်လုပ်ယမ်းလုံး (အသေး) တစ်ထုပ်နှင့် လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသော အခြားဆက်စပ်ပစ္စည်းများ၊ လက်ပံတန်းဂျီတီအိုင်ကျောင်းသားများ သပိတ်စစ်ကြောင်းစာသားပါ ဗီနိုင်းတို့ကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဆက်စပ်သူများဖြစ်သည့် စံပယ် (မင်္ဂလာဒုံ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့၊ ဆေးဘက်ဆိုင်ရာ တာဝန်ခံ)ကို ဩဂုတ် ၂၂ ရက်တွင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် မဥ္ဇူသကလမ်း အမှတ်(၁၂၇)၌ လည်းကောင်း၊ ဩဂုတ် ၂၃ ရက်တွင် ထွန်းထွန်းကို ထောက်ကြန့်မြို့ လမ်းဆုံရပ်ကွက် ပြည်လမ်း အမှတ်(၅၃)၌ လည်းကောင်း၊ ဥမ္မာခင်ကို ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၀) ရပ်ကွက် ထွန်းသီရိ (၁)လမ်း အမှတ်(၅၂၄/က)၌ လည်းကောင်း၊ အေးငြိမ်းမိုးနှင့် အောင်သူထက်တို့ကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၁၈)ရပ်ကွက် ခိုင်ရွှေဝါလမ်း အမှတ်(၃၂၆)တွင် လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် ခင်စန္ဒာဝင်း (နိုင်ငံလင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လူမှုရေးဝန်ကြီးဟောင်း၏ဇနီး)ကို အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် လှိုင်မြစ်လမ်းရှိ ဗဟိုအကျဉ်းထောင် (အင်းစိန်)အနီးတွင် လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ခင်မြတ်သူ(NLD ပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)သည် ဖြူဖြူသင်း (CRPH အဖွဲ့ဝင်၊ ၂၀၁၅ ခုနှစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း) ၏ စေခိုင်းချက်အရ NLD ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်ဟောင်းအများစုဖြင့် ဖွဲ့စည်းထားသော CDM Supporting အဖွဲ့တွင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံအဖြစ် ပါဝင်ခဲ့ကြောင်း၊ CDM ဝန်ထမ်းများ၏ အချက်အလက်များအား နီနီမေမြင့် (NLD ပါတီပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)မှတစ်ဆင့် ဖြူဖြူသင်းထံ ပေးပို့ခဲ့သဖြင့် မတ်လတွင် CDM ဝန်ထမ်းတစ်ဦးလျှင် ကျပ် ၁၅၀,၀၀၀၊ နေ့စားဝန်ထမ်းတစ်ဦးလျှင် ကျပ် ၁၀၀,၀၀၀ နှုန်းဖြင့် ဝန်ထမ်း ၄၀၀ အတွက် လည်းကောင်း၊ မေလမှစတင်၍ တစ်ဦးလျှင် ကျပ် ၅၀,၀၀၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CDM ဝန်ထမ်း ၁,၀၀၀ အတွက် ထောက်ပံ့ပေးခဲ့ကြောင်း၊ ၎င်းငွေများအား ဖြူဖြူသင်းမှ ပေးပို့ခြင်းဖြစ်ကြောင်း။

ထို့ပြင် ဖြူဖြူသင်းက PDF များအတွက် ထောက်ပံ့ရန် ဖြူဖြူခိုင် (နှင်းဆီအပ်ချုပ်ဆိုင်၊ မုဒိတာအိမ်ရာ၊ သမိုင်း) အား ကျပ် ၁,၅၀၀,၀၀၀၊ ခင်စိုးစိုးကြည်(NLD ပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း) က ကျော့မေအောင်ထံ ကျပ် ၃၀၀,၀၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ထိန်ဝင်း (ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြန်ကြားရေးအဖွဲ့ဝင်ဟောင်း)သည် ဝေဖြိုးဟန် (ရန်ကုန်တိုင်းဒေသကြီး PDF တာဝန်ခံ၊ NLD ပါတီ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း) က မင်္ဂလာဒုံမြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့အား ဖွဲ့စည်းရန် တာဝန်ပေးသဖြင့် မင်္ဂလာဒုံ ပြည်သူ့ကာကွယ်ရေးအဖွဲ့ ဒုတိယခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ တိုက်ကြီး၊ လှည်းကူး၊ သန်လျင်မြို့တို့တွင် PDF သင်တန်းများ ဖွင့်လှစ်ခဲ့သော ညီညီမင်းနှင့် မင်းမင်း (ခ) ဘစိုင်းတို့ထံ လက်နက်ဝယ်ယူရန်နှင့် PDF များအတွက် ကျပ် ၆,၅၀၀,၀၀၀ အား ထောက်ပံ့ခဲ့ကြောင်း၊ တိုက်ကြီးမြို့ မင်္ဂလာရပ်ကွက် တရားရုံးလမ်းရှိနေအိမ်တွင် PDF သင်တန်းများဖွင့်လှစ်ရန် ပြင်ဆင်ခဲ့ကြောင်း။

ဖမ်းဆီးရမိသူ အေးမင်းစိုး (မင်္ဂလာဒုံမြို့နယ်၊ PDF ရိက္ခာတာဝန်ခံ၊ မင်္ဂလာဒုံမြို့နယ်၊ NLD အလုပ်အမှုဆောင် အဖွဲ့ဝင်ဟောင်း)သည် ဝေဖြိုးဟန် (ရန်ကုန်တိုင်းဒေသကြီး PDF တာဝန်ခံ၊ NLD ပါတီ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း) ၏ စေခိုင်းမှုအရ PDF များအတွက် ရိက္ခာတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ မတ်လခန့်မှစတင်၍ ခင်စန္ဒာဝင်း(နိုင်ငံလင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လူမှုရေးဝန်ကြီးဟောင်း၏ဇနီး)က လစဉ် ဆန်နှင့် ဆီများအား PDF အဖွဲ့များအတွက် ထောက်ပံ့ပေးခဲ့ကြောင်း၊ ညီညီမင်း၏ စေခိုင်းမှုကြောင့် သန်လျင်၊ လှည်းကူး၊ တိုက်ကြီးမြို့တို့ရှိ PDF သင်တန်းများသို့ ရိက္ခာပစ္စည်းများ ပေးပို့ခဲ့ကြောင်း၊ တရားခံ ထွန်းထွန်းသည်လည်း KNU နယ်မြေတွင် ရောက်ရှိနေသော PDF များအတွက် ကျပ် ၁၀,၃၀၀,၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ NUG နှင့် ဆက်သွယ်၍ CDM ဝန်ထမ်းများအား ငွေကြေးထောက်ပံ့ခြင်းနှင့် PDF အဖွဲ့များထံ ငွေကြေး၊ ရိက္ခာ၊ လက်နက်ခဲယမ်း ထောက်ပံ့ခဲ့သူများအား ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် အခြားဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားကြပါရန်နှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ သတင်းရယူဖော်ထုတ်ချက်အရ သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များ၊ သောင်ကြီးရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၅ ရက်က လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန် ဦးရွှေဘင်လမ်း မြေအမှတ်(၁၇)ရှိ ဂိုဒေါင်အတွင်းမှ တရားမဝင် ကျွန်း၊ ပိတောက်ခွဲသား ခန့်မှန်းတန်ချိန် ၈၀ နှင့် သစ်တင်ထားသော ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်တရားခံများအား ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ မောင်သစ်တော

အဂတိ ပယ်ခွာ
ပြည်သာယာ

# ကန္တာရဝတီငွေတောင်ပြည်၏ ကျေးလက်လမ်း / တံတားဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်ချက်များ

— — — — သူရအောင်အောင်(ကန္တာရဝတီ) — — — —

ကန္တာရဝတီငွေတောင်ပြည် (ကယားပြည်နယ်)သည် သဘာဝ၏အလှတရားများနှင့်ဝန်းရံနေပြီး မြန်မာနိုင်ငံ၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။ သဘာဝတောတောင် ရေမြေအလှတရားများ ဝန်းရံ၍ ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုများ ချစ်ကြည်ရင်းနှီးစွာ အတူတကွ လက်တွဲနေထိုင်ကြသော ပြည်နယ်တစ်ခုဖြစ်ပြီး မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်၊ အနောက်တောင်ဘက်တွင် ကရင်ပြည်နယ်နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည်။ မြောက်လတ္တီကျူ ၁၈ ဒီဂရီ သုညမိနစ်နှင့် အရှေ့လောင်ဂျီကျူ ၉၄ ဒီဂရီ ၄၀ မိနစ်နှင့် ၉၇ ဒီဂရီ ၉၃ မိနစ်ကြားတွင် ကယားပြည်နယ် တည်ရှိပါသည်။ ကယားပြည်နယ်တွင် လွိုင်ကော်ခရိုင်နှင့် ဘောလခဲခရိုင်ဟူ၍ ခရိုင်နှစ်ခုရှိသည်။ လွိုင်ကော်ခရိုင်တွင် လွိုင်ကော်မြို့၊ ဒီးမော့ဆိုမြို့၊ ဖရူဆိုမြို့နှင့် ရှားတောမြို့နယ်တို့ပါဝင်၍ ဘောလခဲခရိုင်တွင် ဘောလခဲမြို့၊ ဖားဆောင်းမြို့၊ မယ်စဲ့မြို့နယ်တို့ပါဝင်ကာ စုစုပေါင်းမြို့နယ် ခုနစ်မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး ဧရိယာအားဖြင့် ၁၁၇၃၂ $km^2$ နှင့် လူဦးရေ သုံးသိန်းခန့် နေထိုင်ပါသည်။ ကယားပြည်နယ်၏ မြို့တော်မှာ လွိုင်ကော်မြို့ဖြစ်ပြီး အထင်ကရနေရာများအဖြစ် တောင်ကွဲစေတီတော်၊ ထီးပွင့်ကန်၊ ကန်ခုနစ်ဆင့်ရေကန်၊ ငွေတောင်ဆည်၊ လောပိတရေအား လျှပ်စစ်စက်ရုံ၊ ထီးစဲခါးရေတံခွန်၊ ကယန်းရိုးရာပန်ပက်တို့အပြင် အခြားစိတ်ဝင်စားဖွယ်နေရာများလည်း များစွာရှိသည်။



ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါခလိုက်လင်း-ထေးထူဖျ-ကန်ခုနစ်ဆင့် ကတ္တရာလမ်းကို တွေ့ရစဉ်။

ကယားပြည်နယ်တွင် မြို့နယ်ပေါင်း ခုနစ်မြို့နှင့် ကျေးရွာပေါင်း ၅၀၆ ရွာ ရှိသည့်အနက် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ပေးရသောမြို့နယ်များမှာ လွိုင်ကော်မြို့၊ ဒီးမော့ဆိုမြို့၊ ဖရူဆိုမြို့၊ ရှားတောမြို့၊ ဘောလခဲမြို့၊ ဖားဆောင်းမြို့၊ မယ်စဲ့မြို့တို့ဖြစ်ပြီး ကျေးရွာအုပ်စု ၂၆ ခု ကျေးရွာ ၁၇၂ ရွာရှိ လမ်းများအား ရာသီမရွေးသွားလာနိုင်သောလမ်းများ ဖြစ်စေရေးအတွက် ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၃၀ မဟာဗျူဟာရည်မှန်းချက်အား ပန်းတိုင်အဖြစ်သတ်မှတ်ကာ ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ မူဝါဒနှင့် ရည်မှန်းချက်**

**မူဝါဒ**

❖ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်။

**ရည်မှန်းချက်**

❖ ကျေးလက်လမ်း၊ တံတားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ရောက်ရှိရေး၊

❖ ကျေးလက်နေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များ အသုံးပြု၍ အမြန်ဆုံး ဆက်သွယ်သွားလာနိုင်ရေး၊

❖ အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းအား အထောက်အကူဖြစ်စေရေး၊

❖ ၂၀၃၀ ပြည့်နှစ် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ရာခိုင်နှုန်းအပေါ် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန် နှစ်စဉ်အဆင့်မြှင့်တင်ဆောင်ရွက်ရေး။

ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအား ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဌာန၏ မဟာဗျူဟာ ရည်မှန်းချက်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံအတွင်းရှိ ကျေးရွာလူဦးရေ၏ ၉၀ ရာခိုင်နှုန်းအတွက် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် နှစ်စဉ်အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရန်ဖြစ်ပါသည်။

**ကယားပြည်နယ်အတွင်းလုပ်ငန်း ဆောင်ရွက်ချက်များ**

ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းနေထိုင်ကြသည့် ကျေးလက်နေပြည်သူလူဦးရေအတွက် မြေသားလမ်းမှ ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်းအဖြစ်လည်းကောင်း၊ မူလပျက်စီးအိုဟောင်းနေသော သစ်သားတံတားများအား သံကူကွန်ကရစ်တံတားများ အဖြစ်သို့လည်းကောင်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်နှင့်မြို့ပြ လူနေမှုဘဝကွာဟမှု ကျဉ်းမြောင်းစေရန် ရည်ရွယ်ချက်ဖြင့် အချိန်နှင့် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ရာ၌ ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနသည် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ထိုစဉ်က အခြေအနေမှာ ကယားပြည်နယ်အတွင်း ကွန်ကရစ်လမ်း ၆/၅ ဒသမ ၁၉ မိုင်၊ ကတ္တရာလမ်း ၃၉/၀ ဒသမ ၄၂၃ မိုင်၊ ကျောက်လမ်း ၁၁၄/၁ ဒသမ ၇၈၇ မိုင်၊ မြေသားလမ်း ၂၈၆/၄ ဒသမ ၄၃ မိုင် စုစုပေါင်း ၄၄၆/၃ ဒသမ ၈၃ မိုင်ဖြစ်ပြီး ပြည်နယ်အတွင်းရှိ ကျေးလက်လမ်းများအနေဖြင့် ရာသီမရွေးသွားလာနိုင်သောလမ်း ၃၅ ရာခိုင်နှုန်းနှင့် ခြောက်သွေ့ရာသီတွင် သွားလာနိုင်သောလမ်း ၆၅ ရာခိုင်နှုန်းသာ ရှိခဲ့သောအခြေအနေဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့ ■

**ကယားပြည်နယ်အတွင်း နေထိုင်ကြသည့် ကျေးလက်နေ ပြည်သူလူဦးရေအတွက် မြေသားလမ်းမှ ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်း အဖြစ်လည်းကောင်း၊ မူလပျက်စီးအိုဟောင်းနေသော သစ်သားတံတားများအား သံကူကွန်ကရစ်တံတား များအဖြစ်သို့လည်းကောင်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိ**



ကယားပြည်နယ် ရှားတောမြို့နယ်တွင် တည်ဆောက်ထားသော သရီးဒါး-ဒေါဝယ်ရောလမ်းပေါ်ရှိ CH သံပေါင်တံတားကို တွေ့ရစဉ်။

■စာမျက်နှာ ၁၆ မှ

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေများဖြင့် ကျေးလက်လမ်း/တံတား အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကုန်ဆုံးပြီးပါက ကွန်ကရစ်လမ်း ၂/၂ မိုင်၊ ကတ္တရာလမ်း ၅၁/၃ ဒသမ ၂ မိုင်၊ ကျောက်လမ်း ၄၆/၂ ဒသမ ၀၈ မိုင်၊ မြေသားလမ်း ၅၅/၄ ဒသမ ၄ မိုင် စုစုပေါင်း ၁၅၅/၃ ဒသမ ၆၈ မိုင်အားကျေးလက်နေပြည်သူလူထုအတွက် ကြိုးပမ်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ တံတားများအနေဖြင့်လည်း သံကူကွန်ကရစ်တံတား ၆၅ စင်း၊ CH သံပေါင်တံတားနှစ်စင်း၊ ရေကျော် နှစ်စင်း၊ လူကူးကြိုးတံတားတစ်စင်း၊ရိုးရိုးလူကူးတံတားတစ်စင်းနှင့် Box Culvert ၄၁၇ စင်း စုစုပေါင်း ၄၈၈ စင်းတို့အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ကယား ပြည်နယ်အတွင်းရှိ ကျေးလက်လမ်းများအား ရာသမရွေး သွားလာနိုင်သောလမ်း ၆၀ ရာခိုင်နှုန်းအထိ တိုးတက်လာအောင်ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်သော ကျေးလက်လမ်း ၄၀ ရာခိုင်နှုန်းအား ရာသီမရွေးသွားလာနိုင်သော လမ်းများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မဟာဗျူဟာရည်မှန်းချက်၏ အဆင့်လိုက်ရည်မှန်းချက်များဖြစ်သည့် ၂၀၂၀ ပြည့်နှစ်တွင် လူဦးရေ ၅၀၀နှင့်အထက်ရှိ ကျေးရွာများအားလုံး၏ ၉၅ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် လူဦးရေ ၂၅၀နှင့်အထက်ရှိ ကျေးရွာများအားလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာအားလုံး၏ ၉၀ ရာခိုင်နှုန်းတို့ကို ရာသီမရွေး သွားလာနိုင်သောလမ်းများအဖြစ် ဆောင်ရွက် ပေးသွားနိုင်ရေးတို့ကို ဆက်လက်၍ ဆောင်ရွက်လျက်ရှိပါသည်။

**ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ အမှတ်တရလမ်းများ**

ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် ဆောင်ရွက်ခဲ့သော လမ်းများအနက် အဓိကကျသောလမ်းများမှာ ရေယို-နိုးကိုး-ကုန်းသာလမ်း၊ ဒေါ်ခလိုက်လင်း-ထေးထူဖျ-ကန်ခုနစ်ဆင့်လမ်း၊ မိုင်းထမ်း-ဝမ်းချယ်လမ်း အစရှိသောလမ်းများဖြစ်ပြီး ၎င်းတို့အနက် လွိုင်ကော်မြို့အတွက် အမှတ်တရအဖြစ်ဆုံးလမ်းကို ညွှန်ပြရမည်ဆိုပါက လွိုင်ကော်မြို့အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ဆက်သွယ်ဖောက်လုပ်ခဲ့ရသည့် အရှည် ၄/၂ ဒသမ ၂၅ မိုင်ရှည်သည့် ဘုရားဖြူ-ပလဖ- ဘီလူးချောင်းလမ်းဆုံအထိ လမ်းပင်ဖြစ်သည်။ ၎င်းလမ်းတည်ရှိရာ ယခင် ဆည်မြောင်းတာပေါင်ဟောင်းနေရာသည် သစ်ပင်၊ ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိပြီး ဘီလူးချောင်းတစ်လျှောက်တွင်ရှိသော လယ်ဧကများစွာကို ရေမလွှမ်းစေရန် တည်ဆောက်ထားခြင်း ဖြစ်သည်။ မိုးတွင်းရာသီ နွေအခါပါ တစ်ဆက်တစ်စပ်တည်း သွားလာ၍မရသဖြင့် လယ်ယာစိုက်ပျိုးသူများ အခက်အခဲကြုံတွေ့ရသည်။ ၎င်းတာပေါင်ဟောင်းအား ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လုပ်ငန်းတင်ဒါခေါ်ယူခဲ့ကာ ယခင်တာပေါင် ဟောင်းအား Core သဖွယ် အမာခံထားပြီး စက်ယန္တရားကြီးများဖြင့် မြေကြီးကျင်းပေါင်းမြောက်မြားစွာသယ်ယူ၍ လမ်းတာပေါင်အား ၂၆ ပေအကျယ်ရအောင် ဆောင်ရွက်ခဲ့ပြီး၎င်းမြေသားတာပေါင်ပေါ်မှ ၁၆ ပေအကျယ်ကျောက်ချောလမ်းကို တစ်ဆက်တည်းဆောင်ရွက်ခဲ့သည့်အတွက် ယခုအချိန်တွင် ခရီးလမ်းပန်း ချောမွေ့စွာသွားလာနိုင်ပြီဖြစ်ပါသည်။

ယခင် ၁၀ ပေ/၁၂ ပေ အကျယ်ခန့်သာရှိသော ဆည်မြောင်းတာပေါင်ပေါ်တွင် မိုးရာသီအတွင်း သွားလာ၍မရအောင် ခက်ခဲခဲ့ရာမှ ကျယ်ပြန့်သော မြေသားတာပေါင်နှင့် ချောမွေ့သော ကျောက်ချောလမ်းကို တည်ဆောက်ပေးခဲ့သည့်အတွက် လွိုင်ကော်မြို့အရှေ့ခြမ်းရှိ ပြည်သူလူထုများ၊ လွိုင်ကော်မြို့အနောက်ခြမ်း နန်းမယ်ခုံမြို့နယ်အတွင်းရှိ ဆင်တောင်၊ လီဝိုး၊ နန်းမယ်ခုံ၊ ဘုရားဖြူ၊ မောင်းတော၊ ကပွယ်ခူ၊ မြို့မရှမ်း၊ မြို့မကယန်း စသည့် လွိုင်ကော်မြို့ အနောက်ခြမ်းနေ ပြည်သူတို့သည် ယခင်က မိမိတို့အနောက်အရပ်မှ လွိုင်ကော်မြို့သို့ လာမည်ဆိုပါက ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည်ကိုဖြတ်သန်း၍လည်းကောင်း၊ ရှမ်း-ကယားနယ်စပ် ဖယ်ခုံမြို့ကိုလည်းကောင်း မိုင် ၂၀ ခန့် ကွေ့ပတ်သွားနေရသည့်အဖြစ်မှ ယခုဖောက်လုပ်ပြီးစီးခဲ့သော ဘုရားဖြူ-ပလဖ-ဘီလူးချောင်းလမ်းဆုံအထိ ဖြတ်လမ်းပြီးစီးသွားသောကြောင့် လွိုင်ကော်မြို့သို့ ခုနစ်မိုင်ခန့်ဖြင့် အချိန်တိုအတွင်း ရောက်ရှိနိုင်ပြီဖြစ်သလို လယ်ယာကုန်ထုတ်လမ်းအဖြစ်လည်း များစွာအထောက်အကူဖြစ်စေခဲ့ပါသည်။

**နိဂုံး**

ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ဌာန၏ မူဝါဒ၊ ရည်မှန်းချက်နှင့် မဟာဗျူဟာရည်မှန်းချက်များနှင့်အညီ ကယားပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်နှင့်မြို့ပြ တစ်ပြေးညီဖွံ့ဖြိုးလာစေရန်အတွက် နှစ်စဉ်ကျေးလက်လမ်း/တံတားလုပ်ငန်းများကို စံချိန်စံညွှန်း အရည်အသွေးပြည့်မီစွာဖြင့် ရေရှည်တည်တံ့အောင် ဆက်လက်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။



လွိုင်ကော်မြို့နယ်ရှိ ဘုရားဖြူ-ပလဖ-ဘီလူးချောင်းလမ်းဆုံလမ်းကို တွေ့ရစဉ်။



ဘောလခဲမြို့နယ်ရှိ မိုင်းထမ်း-ဝမ်းချယ်-ချိကွဲ့-စောင်းလော့ ကတ္တရာလမ်းကို တွေ့ရစဉ်။

## မြို့သစ်မြို့နယ် ပုလင်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်

**နေပြည်တော် သြဂုတ် ၂၆**

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ပေါများစေရေး၊ ငါးမျိုးပြုန်းတီးမှုလျော့ပါးစေရေးနှင့် ဒေသနေပြည်သူများ ငါးစားသုံးမှုနှုန်း မြင့်မားစေရေးတို့အတွက် မြစ်ချောင်းများ၊ သဘာဝရေပြင်များနှင့် ဆည်တမံ ရေလှောင်ကန်များအတွင်းသို့ နှစ်စဉ်ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှု၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၏ စီမံမှုတို့ဖြင့် မြို့သစ်မြို့နယ်ရှိ သဘာဝမြစ်ချောင်းဖြစ်သော ပုလင်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ မြို့သစ်မြို့ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်၊ အဖွဲ့ဝင် ရဲမှူးအောင်ကိုနိုင်နှင့် ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ရေးကော်မတီများဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာန သရက်ခရိုင်တာဝန်ခံ ဦးဇော်ထွန်းဦးတို့က တောင်တွင်းကြီး ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း၊ ငါးခုံးမကြီး ငါးသားပေါက် စုစုပေါင်းကောင်ရေ နှစ်သိန်းကို ပုလင်းချောင်းအတွင်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း



# မန္တလေးခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ငါးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများ ဆက်ကပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၂၆**

သာသနာရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး တိုင်းဒေသကြီး သာသနာရေးမှူး ညွှန်ကြားရေးမှူး ဦးကျော်လှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့တွင် မန္တလေးခရိုင် အောင်မြေသာစံမြို့နယ် ဖောင်တော်ဦးကျောင်းတိုက် စတုဘုမ္မိကနဂါးပရိယတ္တိစာသင်တိုက်၊ ချမ်းအေးသာစံမြို့နယ် အနောက်ထီးလင်းကျောင်းတိုက်၊ စကုကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ် မြင်းဝန်မင်းကြီး ကျောင်းတိုက်တို့သို့ သွားရောက်၍သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လှူဒါန်းသည့် ဆွမ်းဆန်တော် ၁၉၂ အိတ်၊ ဆီ ၃၇၅ ပိဿာ၊ ပဲ ၅၃ အိတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၆**

မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အရှေ့ခါးရိုးပရိယတ္တိစာသင်တိုက်၊ အောင်ဆုပန်ဓမ္မရိပ်သာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တောင်ပေါက်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ ရေကူးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ရှိ စန္ဒာမုနိကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ရှိ သစ္စာအောင်မြေစံကျောင်းတိုက်နှင့် ကျောက်ပန်းတောင်းမြို့နယ် သပြေရိုးကျေးရွာ ရွာဦးကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက်ရှိ ရွာဘဲတောင်ပေါ် ဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၆**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက် လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် စစ်ဆေးရေးဂိတ် နမ့်ဖာပဟော်တံတားမှ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၄၃ ဦးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် စစ်ဆေးရေးဂိတ် ရန်လုံကျိုင်းတံတားမှ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း လေးဦးတို့ကို အသီးသီးလက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ ကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကိုအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မအူပင်မြို့နယ် အလန်းအုပ်ချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**နေပြည်တော် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေရှည်စဉ်ဆက်မပြတ် ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လူတစ်ဦးချင်းငါးစားသုံးမှု တိုးတက်စေရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မအူပင်မြို့နယ် အလန်းအုပ်ကျေးရွာ အလန်းအုပ်ချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာများ၊ ရေလုပ်သားများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး တလုပ်လှငါးလုပ်ငန်းစခန်းနှင့် အောင်ဟိတ်ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးသားပေါက် ကောင်ရေ ၁၀ ဒသမ ၅ သိန်းအား အလန်းအုပ်ချောင်း သဘာဝရေပြင်အတွင်းသို့ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မောက်မယ်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**မောက်မယ် ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်တောဦးစီးဌာနနှင့်ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာစေရန်အတွက် ၂၀၂၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ခူဝိန်းကျေးရွာကုန်ထုတ်လမ်းနှင့် ဈေးကုန်း-ထီဝါးဖေ့ကျေးရွာ ကုန်ထုတ်လမ်းဘေး ဝဲ/ယာ တို့၌ ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ ဝန်ထမ်းများ၊ မြို့နယ် သစ်တောဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ပြီး ခူဝိန်းကျေးရွာ ကုန်ထုတ်လမ်းနှင့် ဈေးကုန်း-ထီဝါးဖေ့ ကျေးရွာကုန်ထုတ်လမ်းဘေး ဝဲ/ယာ တို့၌ ရေတမာ၊ ကျွန်း၊ ရေသင်းဝင်၊ စိန်ပန်းပြာ စသည့် အပင်ပေါင်း ၄၀၀ ခန့်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ စိုက်ပျိုးပေးခဲ့ကြသည်။

အဆိုပါ သစ်ပင်များစိုက်ပျိုးပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာစေရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးတို့ကို များစွာ အထောက်အကူပြုသည့်အပြင် သစ်တောပြုန်းတီးမှုကြောင့် ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ပြီး ရာသီဥတု ညီညွတ်မျှတလာတော့မည်ဖြစ်ကြောင်း မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

## ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

# ဩဂုတ် ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၆၃၅ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၆-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၅-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၆-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၂,၂၄၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၆၃၅) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၄၇၁,၃၉၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၈၃,၅၁၄) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၉၂၀)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၁၁,၉၅၂)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၁၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၄,၈၅၀) ဦးရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၆-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၁၁၆)ခု | (၄၂၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၆)ခု | (၈)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၉၆)ခု | (၁၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၄)ခု | (၅၉)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၈၂)ခု | (၃၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၇၀)ခု | (၄၄၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၅၁၅)ခု | (၁,၆၄၅)ဦး |
| **စုစုပေါင်း** | (၁၂,၂၄၉)ခု | (၂,၆၃၅)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၉၁၅၇၆၃၉ | ၃၀၆၇၈၂၈၃ | ၆၄၉၆၈၀ |
| ၂။ | အိန္ဒိယ | ၃၂၅၅၈၅၃၀ | ၃၁၇၈၈၄၄၀ | ၄၃၆၃၉၆ |
| ၃။ | ဘရာဇီး | ၂၀၆၄၅၅၃၇ | ၁၉၅၇၇၁၃၅ | ၅၇၆၇၃၀ |
| ၄။ | ရုရှား | ၆၈၂၄၅၄၀ | ၆၀၉၂၈၁၈ | ၁၇၉၂၄၃ |
| ၅။ | ပြင်သစ် | ၆၆၇၃၃၃၆ | ၆၁၂၀၂၁၁ | ၁၁၃၆၆၅ |
| ၆။ | ဗြိတိန် | ၆၅၉၀၇၄၇ | ၅၁၉၇၁၄၀ | ၁၃၂၀၀၃ |
| ၇။ | တူရကီ | ၆၂၇၃၆၈၁ | ၅၇၅၆၄၀၆ | ၅၅၂၁၂ |
| ၈။ | အာဂျင်တီးနား | ၅၁၅၅၀၇၉ | ၄၈၃၃၂၆၀ | ၁၁၀၉၆၆ |
| ၉။ | ကိုလံဘီယာ | ၄၈၉၇၁၅၀ | ၄၇၂၇၃၀၇ | ၁၂၄၄၇၄ |
| ၁၀။ | အီရန် | ၄၈၃၃၁၃၅ | ၄၀၅၃၀၂၂ | ၁၀၄၇၁၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၀၄၃၇၃၆ | ၃၆၆၉၉၆၆ | ၁၃၀၁၈၂ |
| ၂။ | ဖိလစ်ပိုင် | ၁၈၉၉၂၀၀ | ၁၇၃၄၅၅၁ | ၃၂၇၂၈ |
| ၃။ | မလေးရှား | ၁၆၄၀၈၄၃ | ၁၃၅၉၇၉၁ | ၁၅၂၁၁ |
| ၄။ | ထိုင်း | ၁၁၂၀၈၆၉ | ၉၂၃၆၂၁ | ၁၀၃၁၄ |
| ၅။ | ဗီယက်နမ် | ၃၉၂၉၃၈ | ၁၈၈၄၈၈ | ၉၆၆၇ |
| ၆။ | မြန်မာ | ၃၈၃၅၁၄ | ၃၁၁၉၅၂ | ၁၄၈၅၀ |
| ၇။ | ကမ္ဘောဒီးယား | ၉၀၉၅၈ | ၈၆၉၉၃ | ၁၈၄၁ |
| ၈။ | စင်ကာပူ | ၆၆၉၂၈ | ၆၅၈၂၅ | ၅၂ |
| ၉။ | လာအို | ၁၄၁၀၄ | ၄၆၀၄ | ၁၂ |
| ၁၀။ | ဘရူနိုင်း | ၂၂၆၅ | ၅၇၈ | ၇ |

* မန္တလေးမှ

"ကျွန်မတို့ စိုက်ပျိုးရေးဦးစီးဌာနက ကျေးလက်နေတောင်သူများ ဝင်ငွေတိုးတက်ရေး၊ အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ကျွန်မတို့ တိုင်းဒေသကြီးအတွင်းမှာ ချည်မျှင်ရှည်ဝါ စိုက်ပျိုးတာများပါတယ်။ ဇူလိုင်လနဲ့ ယခု ဩဂုတ်လကနေစပြီး စိုက်ပျိုးနေကြပါတယ်။ ဈေးကွက်မှာလည်း ရောင်းတန်းဝင်မျိုးကောင်းများဖြစ်ပါတယ်။ ဝါကုန်သည်များလည်း အရည်အသွေးကောင်း ဝါမျိုးကောင်းမျိုးသန့်များကို ရရှိကြမှာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ တစ်ကွင်းတစ်စပ်တည်းစိုက်တော့ မျိုးကောင်းတွေရပါတယ်။ ရေသောက်ဧရိယာအနေနဲ့ ဆည်ရေပေးတဲ့အခါမှာလည်း တစ်ကွင်းတည်းဆိုတော့ ရေပေးဝေတဲ့အခါ အဆင်ပြေပြီး ရေအပြည့်အဝ သောက်သုံးနိုင်ပါတယ်။ ဝါမျိုးကောင်းမျိုးသန့် အထွက်နှုန်းတိုးတက်ရေးအတွက်လည်း နည်းပညာတွေကို ပေးသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

**ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်**

ထိုမိုးကြို ချည်မျှင်ရှည်ဝါများကို ခရိုင် ခုနစ်ခရိုင်တွင် စိုက်ပျိုးနေသည့် ဧကများမှာ မန္တလေးခရိုင်တွင် လျာထား ဧက ၃၂၈ ဧက၊ ပြင်ဦးလွင်ခရိုင်တွင် လျာထား ၁၇၃၄ ဧက၊ ကျောက်ဆည်ခရိုင်တွင် လျာထားဧက ၃၃၁၃၈ ဧက၊ မိတ္ထီလာခရိုင်တွင်လျာထားဧက ၃၅၆၅၂ ဧက၊ မြင်းခြံခရိုင်တွင် လျာထားဧက ၂၀၃၈၈ ဧက၊ ညောင်ဦးခရိုင်တွင် လျာထားဧက ၈၇၇ ဧကနှင့် ရမည်းသင်းခရိုင်တွင် လျာထား ဧက ၅၈၉၀၀ တို့ဖြစ်ပြီး အဆိုပါခရိုင်အလိုက် စိုက်ပျိုးဧကများထဲမှ စိုက်ပျိုး ပြီးနေသည့် ဧကမှာ ၂၀၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## ကော့မှူးတွင် ဆန်နှင့် ဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

ရန်ကုန် ဩဂုတ် ၂၆

ကော့မှူးမြို့နယ်တွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းတို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက စတင်ကာမြို့သစ်ရပ်ကွက်တွင် အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး လျက်ရှိကြောင်း သိရသည်။

ယင်းသို့ရောင်းချရာတွင် ဧည့်မထဆန်ငါးပြည်တစ်အိတ်လျှင် ကျပ် ၅၀၀၀ ဖြင့် ဆန်အိတ် ၁၀၀ ကိုလည်းကောင်း၊ ပေါ်ဆန်းတစ်ပြည်လျှင် ကျပ် ၁၇၀၀ နှုန်းဖြင့် ဆန်ငါးပြည် တစ်အိတ်လျှင် ကျပ် ၈၅၀၀ ဖြင့် ဆန်အိတ် ၁၃၆ အိတ်ကိုလည်းကောင်း၊ ဆီ ၅၀ ကျပ်သား တစ်ဘူးလျှင် ငွေကျပ် ၁၈၅၀ ဖြင့် ဆီဘူး ၃၀၀ တို့ကိုလည်းကောင်း ရောင်းချပေးခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




ယမန်နေ့မှအဆက်

"တချို့ပိုက်ဆံရှိလို့ ရေနံတွင်းဝယ်ပြီး တွင်းစားဖြစ်လာတဲ့လူတွေ၊ ဥပမာ ဦးအောင်ခန့်လိုလူမျိုးပေါ့။ သူတို့ကို တောင်ပံနီတွင်းစားလို့ခေါ်တယ်။ အဲဒီလို တွင်းစားတွေကို လမ်းမှာတွေ့ရင် တွင်းရိုးတွေက လက်မြှောက်ပြတယ်။ ထမင်းအတူ မစားကြဘူး။ ပရိတ်တရားအတူ မနာကြဘူး။ တစ်ဘဝမှာ ရေစက်ဆုံမှာစိုးလို့တဲ့။ တောင်ပံနီဆိုတာက တစ်ချိန်က အင်မတန် ထကြွသောင်းကျန်းခဲ့တဲ့ သူခိုးဓားပြတွေ လူဆိုးစာရင်းဝင်တွေကိုခေါ်တာပဲ။ အမှန်တော့ ဦးအောင်ခန့်ဟာ မမြလေးတို့ကို ပစ္စည်းကျနေချိန်မှာ တွေ့ခဲ့တယ်။ သူ့ဘက်ကလည်း စွမ်းစွမ်းတမံ အကူအညီတွေပေးနိုင်ခဲ့တယ်။ ဒီလိုနဲ့ မမြလေးကို ရခဲ့တာပဲ။ မမြလေးဟာ မိန်းမတွင်းရိုးမျိုးက တစ်ဦးတည်းသော သမီးပဲ။ ဒီတော့ ဦးအောင်ခန့်အနေနဲ့ မမြလေးကို မရရအောင် ယူခဲ့တယ်လို့ဆိုရင်လည်း ဖြစ်နိုင်တာပေါ့လေ။

"နောက်တစ်ခုက ဦးအောင်ခန့်အဖို့ အခု ကလေး အရေးကြီးနေတာဟာ အကြောင်းရှိတယ်။ သူ့ရဲ့ ပထမကလေးက ယောကျ်ားကလေးဖြစ်နေခဲ့တယ်။ ဆက်တိုက်ယောကျ်ားကလေးတွေချည်း မွေးခဲ့ရင် တွင်းရိုးအမွေဆက်ခံမှု ဆုံးရှုံးရမယ်မဟုတ်လား။ အစဉ်အလာအရ ကလေးတွေဟာ တွင်းရိုးမဖြစ်နိုင်၊ တွင်းစားသာ ဖြစ်ရမယ်။ ဒီတော့ ဦးအောင်ခန့်ဟာ တွင်းရိုးဖြစ်နိုင်မယ့်သမီးကို အလိုရှိနေတယ်။ အခု ကလေးဟာ သမီးကလေးဖြစ်လိမ့်မယ်လို့ မျှော်လင့်နေတယ်။ မအေရဲ့အမွေကိုဆက်ခံပြီး တွင်းရိုးဖြစ်လာလိမ့်မယ်လို့ ထင်နေတယ်။ ဒါကြောင့် ဒီမှာ ရေနံပေါက်လုဆဲဆဲဖြစ်နေတဲ့ အခြေအနေထက် သူ့ဇနီးရဲ့ ဥပေါက်လုဆဲဆဲအခြေအနေကို ပိုပြီး စိတ်ဝင်စားနေတာပေါ့ကွယ်"

ဦးသာကျော်သည် ရှည်လျားစွာ ရှင်းလင်းပြောပြလိုက်ရသဖြင့် အာခြောက်သွားသလို ရေနွေးကို အဆက်မပြတ် သောက်ချလိုက်သည်။ သူ၏ စကားဆုံးလေလျှင် ဝန်းကျင်မှာ ဆိတ်ငြိမ်သွားသည်။ လူအပေါင်းတို့သည် စကားမဆိုဘဲ အတွေးကိုယ်စီ တွေးနေကြဟန်ရှိလေသည်။

"ကဲ၊ ကဲ။ အခုလောက်ဆိုရင် မောင်ညွန့်မောင် မရှင်းတာတွေ ရှင်းလောက်ရောပေါ့။ စကားကောင်းနေလို့ မဖြစ်သေးဘူး။ နေမချိုခင် အလုပ်ပြန်စကြဦးစို့ရဲ့"

ဦးသာကျော်သည် ပြောပြောဆိုဆိုပင် ပန်းကန်အတွင်းမှ ရေနွေးကြမ်းအကျန်ကို တစ်ကျိုက်တည်း မော့သောက်လိုက်သည်။ ထိုင်ရာမှ ထလိုက်သည်။

လူအားလုံးသည်လည်း လှုပ်လှုပ်ရွရွဖြစ်လာကာ နေရာမှထလိုက်ကြသည်။

ဦးသာကျော်သည် ကနားဖျင်းအပြင်သို့ထွက်ခဲ့သည်။ သုံးတိုင်စင်ဘက်သို့ လျှောက်လာသည်။ သူ၏နောက်မှ ကိုညွန့်မောင် ကပ်လျက်လိုက်ပါလာသည်။

မကြာမီပင် အလုပ်ပြန်စရန်အတွက် အားလုံး အသင့်ရှိနေကြပြီဖြစ်သည်။

ကိုညွန့်မောင်သည် အသင့်သထားသော တူးရွင်းသုံးလေးချောင်းအနက်မှ စိတ်ကြိုက် တူးရွင်းတစ်ချောင်းကို ဆွဲယူလိုက်သည်။ သုံးချောင်းထောက်စင်အောက်သို့ ဝင်လာခဲ့သည်။ ကြိုးတစ်ချောင်းဖြင့် ပခုံး၊ တင်ပါးများကို စလွယ်သိုင်းချည်သည်။ လေးထောင့်ပုံတွင်းဝကို ခြေနှစ်ဖက်ခွလျက် ကြိုးကို စည်းကြိုးဖြင့် တွဲချည်လိုက်လေသည်။

ယင်းအခိုက်တွင် ကနားဖျင်းအောက်မှ လူစုသည်လည်း နေပူကျဲကျဲအောက်သို့ ရောက်ခဲ့ကြပြီဖြစ်ပါသည်။ သုံးလွန်းတင်ကြိုးစကို အသင့်ဆွဲကိုင်တင်ထားမိကြပြီဖြစ်ပါသည်။ ယောကျ်ားရော မိန်းမပါ၊ လူကြီးရော ကလေးတွေပါ ပါဝင်ကြသည်။ ကိုညွန့်မောင်၏သားဖြစ်သူ မောင်ညိုထွန်းသည် ယင်းလူအုပ်ထဲတွင်ပါသည်။ သူတို့ကား "ကြိုးဆွဲ" များဖြစ်ကြသည်။

ကြိုးဆွဲများတွင် မိန်းမများသည်သာ အဝတ်လုံခြုံကြသည်။ ယောကျ်ားများကား အများအားဖြင့် အထက်ပိုင်းကို အဝတ်ဗလာကျင်းထားကြသည်။ မန်ကျည်းစေ့ရောင်ပေါက်ကာ ချွေးရွှဲနေသော ကျောကုန်းပြောင်ပြောင်များသည် နေအရောင်မှာ လက်ပြောင်နေကြလေသည်။

"အသင့်ပဲလား မောင်ညွန့်မောင်"

ဦးသာကျော်၏အမေးကို ကိုညွန့်မောင်က ခေါင်းညိတ် အဖြေပေးသည်။ သို့ရာတွင် သူသည် ခြေထောက်နှစ်ချောင်းကို စုမပေးသေးဘဲရှိသည်။ ခပ်လှမ်းလှမ်းဆီသို့ စူးစိုက်ကြည့်လိုက်ကြောင်း တွေ့ရသည်။ ဦးသာကျော်ကပါ သူကြည့်နေသော နေရာသို့ ကြည့်လိုက်သည်။

"အဘရေ ဟိုကလာတာ ဦးအောင်ခန့်လားလို့"

ခပ်လှမ်းလှမ်းတွင် ဖုန်လုံးအချို့ လွင့်တက်လာသည်။ လူတစ်ယောက် ခပ်သွက်သွက် လျှောက်လာနေခြင်း ဖြစ်သည်။ လမ်းလျှောက်ပုံအနေအထားကို မြင်ရုံမျှနှင့်ပင် ဦးအောင်ခန့်ဖြစ်ကြောင်း ရိပ်စားမိနိုင်သည်။

"အစစ်ပဲ၊ ဦးအောင်ခန့် ပေါ်လာသေးသကိုး"

လုပ်လက်စအလုပ်များကို ရပ်နားကာ ဦးအောင်ခန့် ရောက်အလာကို စောင့်ကြသည်။

ဦးအောင်ခန့်သည် ချွေးတရွှဲရွှဲဖြစ်သော ကိုယ်ဖြင့် ရေနံတွင်းဆီသို့ ရောက်လာသည်။

"အချိန်မှ မီပါ့မလားလို့ အပြေးအလွှား လာခဲ့ရတာပဲ၊ ကိုသာကျော်ရေ"

သုံးတိုင်စင်အောက်မှ ထွက်ကာ ကြိုဆိုလာသော ဦးသာကျော်ကို ဦးအောင်ခန့်က ပြောလိုက်သည်။ ။

"ဦးအောင်ခန့်ရောက်လာတာ အနေတော်ပါပဲ။ မောင်ညွန့်မောင်ရဲ့အပြောကဖြင့် ဒီတစ်ခါ တူးရွင်းရာ တစ်ချက် နှစ်ချက်ပေးလိုက်ရင် ပေါက်မှာသေချာသလောက်ရှိနေပြီတဲ့ဗျ"

ဦးအောင်ခန့်သည် ကိုညွန့်မောင်ဘက်သို့ လှည့်ကြည့်သည်။ ချက်ချင်းမှာပင် မျက်လွှာချပစ်လိုက်သည်။

"အဟဲ၊ ကျုပ်တို့ချင်းတောင် စောစောက ပြောနေရသေး။ တွင်းပေါက်မယ့်အချိန်မှာ ဦးအောင်ခန့် မရှိတာ တစ်ဖူနာတာပဲ၊ မဟုတ်ရင် ဘောက်ဆူးမြက်မြက် ကလေးရမှာ ကျိန်းသေပဲလို့" ဦးသာကျော်က စကားခေါ်လိုက်ခြင်းဖြစ်သည်။

"ဒီအတွက်တော့ စိတ်သာချနေပါ။ ကိုသာကျော်၊ ကျုပ် ဒီလောက် မရိုင်းပါဘူး။ ခင်ဗျားတို့ပြောသလို တွင်းသာပေါက်ပါစေ၊ ခင်ဗျားအတွက် အင်္ကျီဖျင်နဲ့ ခေါင်းပေါင်း၊ မောင်ညွန့်မောင်အတွက်ဘလာပုဆိုး၊ ကြိုးဆွဲတွေအတွက် ပဝါတစ်ပိုင်းစီ ထုံးစံအတိုင်း ဆုချီးမြှင့်ပါ့မယ်ဗျ"

"အေးဗျာ ကျုပ်တို့ကလည်း လာဘ်လာဘကို သိပ်မျှော်ကိုးလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ထုံးစံအရမို့ ပြောတာပါ" ဦးသာကျော်သည် စကားကို ဖြတ်ထားလိုက်ပြီး နောက် တစ်စုံတစ်ရာကိုသတိရလာမိသလို "ဪ- ဒါထက် မမြလေး.."

သူ၏စကားမဆုံးမီ ဦးအောင်ခန့်က ဖြတ်ပြောလိုက်သည်။

**သည်ကနေ့ အဖြစ်အပျက်များကိုသာ မှတ်တမ်းရေးရမည်ဆိုပါက**
**မိမိ၏ဘဝတွင် အပျော်ရွှင်ဆုံးနေ့တစ်နေ့ . . .**
**ဇနီးဖြစ်သူက သူများစွာ လိုလားတောင့်တမိခဲ့သော**
**ဆန္ဒတစ်ရပ်ကို ဖြည့်စွမ်းပေးနိုင် . . .**
**ရေနံတွင်းသည် မျှော်လင့်ထင်မှတ်ခဲ့သည်ထက်**
**ရေနံအထွက်ကောင်းမည်ကို ခန့်မှန်းတွက်ဆမိလေ . . .**

"ကျုပ် ဆန္ဒပြည့်ဝပြီဆိုပါတော့ဗျာ။ စောစောကပဲ ဖွားတယ်။ မိန်းကလေးပဲဗျ"

ယင်းသို့ ဆိုလိုက်ပြီးနောက် ဦးအောင်ခန့်၏ အမူအရာမှာ ထိုအကြောင်းကို ဆက်၍ မပြောစေပါဘဲ ရှိနေကြောင်း တွေ့ရသည်။

ဦးသာကျော်သည် ကိုညွန့်မောင်ဘက်သို့ လှည့်လိုက်လေသည်။

"ကဲ၊ မောင်ညွန့်မောင်"

ကိုညွန့်မောင်က အသင့်ရှိကြောင်း ခေါင်းညိတ်ပြသည်။

ဦးသာကျော်သည် ကြိုးဆွဲများဘက်သို့ လှမ်းကြည့်လိုက်သည်။ ထိုနေရာမှာလည်း အသင့်ရှိကြောင်း တွေ့ရသည်။ ဦးသာကျော်သည် လက်တစ်ဖက်ကို ထောင်လိုက်သည်။

ပါးစပ်မှ "လိုက်" ဟု ဆိုလိုက်သောအခါ ကြိုးဆွဲများ အတွင်းဘက်သို့ ပြေးလာကြသည်။ ကြိုးလျော့သွားသည်။ ကိုညွန့်မောင်က ခြေနှစ်ချောင်းကို စုပေးလိုက်သည်။ သူ၏ကိုယ်သည် တွင်းအထဲသို့ တစ်စတစ်စ နိမ့်လျှောကျဆင်းလျက် အများ၏မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

[၂]

နေညိုလာသည်နှင့်အမျှ အပူရှိန်သည် သိသိသာသာလျော့ပါးကျဆင်းသွားသည်။ တွင်းကုန်းမှ အပြန်ခရီး တစ်လျှောက်လုံး၌ ဦးအောင်ခန့်၏ ရင်မှာ ကြည်သာရွှင်ပျ ရခြင်းသာ နားခိုလိုက်ပါလာသည်။ စိတ်အာရုံမှာ ပေါ့ပါးဖျတ်လတ်နေသည်။ စင်စစ် တွင်းတစ်တွင်းအောင်သည် ဆိုခြင်းမှာ ကျေနပ်ထိုက်သော အခြေအနေ၊ ကြည်နူးထိုက်သော အဖြစ်အပျက် တစ်ရပ်ပါပဲ။

ဦးအောင်ခန့်သည် နားနားနေနေနှင့်ပင် တွင်းကုန်းမှ ရွှေကြာငုံရှိ မိမိအိမ်သို့ ပြန်လာလျက်ရှိသည်။

သည်ကနေ့ အဖြစ်အပျက်များကိုသာ မှတ်တမ်းရေးရမည်ဆိုပါက မိမိ၏ဘဝတွင် အပျော်ရွှင်ဆုံးနေ့တစ်နေ့ဟု ရေးရလိမ့်မည်ထင်သည်။ ပထမ ဝမ်းသာရသည့်အကြောင်းမှာ ဇနီးဖြစ်သူက သူများစွာ လိုလားတောင့်တမိခဲ့သောဆန္ဒတစ်ရပ်ကို ဖြည့်စွမ်းပေးနိုင်၍။ ဒုတိယ ဝမ်းသာရခြင်းမှာ ရေနံတွင်းသည် မျှော်လင့်ထင်မှတ်ခဲ့သည်ထက် ရေနံအထွက်ကောင်းမည်ကို ခန့်မှန်းတွက်ဆမိလေ၍။

ဦးအောင်ခန့်အဖို့ သမီးမွေးဖွားခြင်း၊ ရေနံတွင်းအောင်မြင်ခြင်းများထက် ဝမ်းသာကျေနပ်ဖွယ် အကြောင်းတစ်ရပ်ရှိပေသေးသည်။ ယင်းအဖြစ်ကား ဦးကောင်းမိုးနှင့် စပ်လျဉ်းနေပါချေ၏။

ဦးအောင်ခန့်သည် ယခင်ကဆိုလျှင် ဦးကောင်းမိုးအပေါ် မည်သို့သောအငြိုးမျှမထားခဲ့ရိုးအမှန်ပင်။ ထိုသူနှင့်ပတ်သက်၍ ဝန်တိုမစ္ဆရိယစိတ်ထားကို မမွေးမြူခဲ့ရိုးအမှန်ပင်။

ယခင်ကဆိုရာဝယ် မမြလေးနှင့် မပတ်သက်သေးသည့် အချိန်ကာလကို ဆိုလိုခြင်းဖြစ်သည်။ မမြလေးနှင့် ပတ်သက်၍ အာရုံဝင်စားမိခြင်း မရှိသေးမီက ဦးကောင်းမိုးဆိုသည်ကို ဖြူသည်၊ ညိုသည်ဟုပင် မသိတတ်ခဲ့။ မမြလေးနှင့် ပတ်သက်လာရလေပြီဆိုတော့လည်း ဦးကောင်းမိုး၏အမည်ကို တမင်သတိထားခြင်း မဟုတ်ပါဘဲလျက် မကြာခဏကြားရသည်။ များစွာ ဆန္ဒမရှိပါဘဲလျက် ထိုသူကို မကြာခဏကြားရသည်။ များစွာ ဆန္ဒမရှိပါဘဲလျက် ထိုသူကို မကြာခဏကြုံတွေ့ရသည်။ နောက်တော့လည်း မိမိနှင့် ထိုသူများမှာ ကျောင်းတော်ကရန်စရှိခဲ့သူများလို အာဃာတတရားဖြင့် ဆက်ဆံနေရသည့်အဖြစ်ကို တွေ့လာရလေသည်။

ဦးကောင်းမိုးသည် တွင်းရိုးတစ်ဦးဖြစ်သည်။ မမြလေးနှင့်ဆိုလျှင် ဆွေနီးမျိုးစပ်ပင် တော်နေသေးသည်။ တွင်းကုန်းနှင့် ဘေးမဲ့တွင် ဦးကောင်းမိုးပိုင် ရေနံတွင်းအချို့ရှိပေသည်။

ဦးကောင်းမိုးသည် ဦးအောင်ခန့်အပေါ် မည်သည့်အခါမျှ ကျေနပ်မှုရှိဟန်မပြ။ ကြုံကြဆုံကြရလေပြီဆိုတိုင်း စကားအရသော်လည်းကောင်း၊ အမူအရာအရသော်လည်းကောင်း မနှစ်မြို့ဟန်ပြတတ်မြဲပင်။

အခြားအခြားသော တွင်းရိုးတို့နည်းတူ ဦးကောင်းမိုး၌ မာနတရားထားရှိခြင်းအတွက် ခွင့်လွှတ်စိတ်ကို အလွယ်တကူမွေးမြူ၍ရသည်။

အခြားအခြားသော တွင်းရိုးတို့နည်းတူပင် သူကဲ့သို့သော တွင်းစားဖြစ်လာသူ တစ်ဦးအပေါ် အထင်မကြီးခြင်း၊ ရင်းနှီးဆက်ဆံလိုဟန် မပြခြင်းများကိုထား။ မိမိ၏ မကောင်းသတင်းကို အလုပ်တစ်ခုလိုပြောတတ်ခြင်းကိုလည်း ရှိစေဦး။ ယခင်ဘဝကပင် တစ်ဦးအပေါ်တစ်ဦး မုန်းထားမလိုအမျက်သိုခဲ့လျက် ယခုဘဝတိုင်အောင် ရန်ငြိုးလိုစိတ်မွေးမြူနေခြင်းအတွက်ကိုမူ ဦးအောင်ခန့် စဉ်းစား၍မရ၊ တွေး၍ မပေါ်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**


၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အနုပညာ

### လီဆာရဲ့ ပွဲဦးထွက် တစ်ကိုယ်တော် တေးအယ်လ်ဘမ်အတွက် ပိုစတာထွက်ရှိ





တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Black Pink ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီဆာဟာ အဖွဲ့ဝင်တွေအနက် တစ်ကိုယ်တော် တေးသီချင်းတွေ ထုတ်လွှင့်မယ့် တတိယမြောက် အဖွဲ့ဝင်ဖြစ်ပါတယ်။ အခြားသော အဖွဲ့ဝင်နှစ်ဦးရဲ့ တစ်ကိုယ်တော်တေးသံရှင်တွေအဖြစ် အောင်မြင်မှုနဲ့အတူ လီဆာကိုလည်း တစ်ကိုယ်တော်တေးသီချင်းတွေနဲ့ တွေ့မြင်လိုနေကြတာ ဖြစ်ပါတယ်။ ပရိသတ်တွေ စောင့်မျှော်နေတဲ့ လီဆာရဲ့ ပွဲဦးထွက်တစ်ကိုယ်တော်တေးအယ်လ်ဘမ် ထွက်ရှိဖို့ နီးကပ်လာတာနဲ့အမျှ လတ်တလောမှာ အဆိုပါ တေးအယ်လ်ဘမ်အတွက် ပိုစတာ ခတ်ပုံကို ထုတ်ဖော်ပြသခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေ အရ သိရပါတယ်။

ဩဂုတ် ၂၆ ရက်မှာ လီဆာရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်အတွက် ပိုစတာခတ်ပုံ ထုတ်ဖော်ပြသခဲ့ပြီး တေးအယ်လ်ဘမ်ထွက်ရှိမယ့်နေ့ကိုလည်း တစ်ပါတည်း ဖော်ပြခဲ့တာ တွေ့ရပါတယ်။ လီဆာရဲ့ ပွဲဦးထွက်တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို LALISA လို့ အမည်ပေးထားပြီး လာမယ့် နိုဝင်ဘာ ၁၀ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။ မကြာမီမှာလည်း အဆိုပါ တေးအယ်လ်ဘမ်သစ်အတွက် စမ်းသပ်ထုတ်လွှင့်မှုတွေကို ပရိသတ်ရှေ့အရောက် ပို့ဆောင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့်-ရေးသားသည်**

### BTS နဲ့ ပူးပေါင်းကာ တေးသီချင်းဖန်တီးလိုကြောင်း မစ်စီအိလိရော့ထ်ဆို





ကျော်ကြားတဲ့ ရက်ပ်တေးသံရှင်တစ်ဦးဖြစ်သူ မစ်စီအိလိရော့ထ်က ၎င်းအနေနဲ့ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS နဲ့ တွဲဖက်ကာ တေးသီချင်းသစ်ဖန်တီးလိုကြောင်း လတ်တလောမှာ ပြောကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဩဂုတ် ၂၄ ရက်မှာ ပရိသတ်တစ်ဦးက မစ်စီအိလိရော့ထ်နဲ့ တွစ်တာပေါ်ကနေ တစ်ဆင့် တွေ့ဆုံစဉ်မှာ BTS နဲ့ ပူးပေါင်းကာ တေးသီချင်း ဖန်တီးလိုခြင်း ရှိ၊ မရှိ မေးမြန်းခဲ့ရာမှာ ရက်ပ်တေးသံရှင်က သူ့အနေနဲ့ ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့တာပါ။ မစ်စီအိလိရော့ထ်က တေးသီချင်းပူးပေါင်းထုတ်လုပ်ဖို့ရာ BTS ဘက်က ကမ်းလှမ်းလာပါက သူ့အနေနဲ့ လက်ခံသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

လက်ရှိမှာ ဘစ်ဟစ်မြူးဇစ်ဟာ တေးသံရှင် Megan Thee Stallion နဲ့ တွဲဖက်ကာ Butter ရဲ့ ရီမစ်ဗားရှင်းကို ဖန်တီးနေကြောင်းလည်း သိရပါတယ်။

### ဂျပန်ပြည်သူတွေ ပြန်လည်ဆန်းသစ်ရိုက်ကူးစေချင်သော ဇာတ်လမ်းတွဲရုပ်ရှင် What's Wrong With Secretary Kim

တောင်ကိုရီးယား ဇာတ်လမ်းတွဲရုပ်ရှင်တွေ များစွာရှိတဲ့အနက် ဂျပန်ပြည်သူတွေက ပြန်လည်ဆန်းသစ်ရိုက်ကူးစေလိုတဲ့ ရုပ်ရှင်တွေရဲ့ စာရင်းကို ကောက်ယူခဲ့ရာမှာ ၂၀၁၈ ခုနှစ်အတွင်း ထုတ်လွှင့်ပေးခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ What's Wrong With Secretary Kim က နံပါတ်တစ်နေရာမှာ ရပ်တည်နေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။


အဆိုပါ ဇာတ်လမ်းတွဲမှာ မင်းသား ပ့ါခ်ဆူဂျွန်နဲ့ မင်းသမီး ပ့ါခ်မင်ယောင်းတို့ အဓိကဇာတ်ဆောင်တွေအဖြစ် တွဲဖက်ပါဝင်ထားတာ ဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲကို tvN ရုပ်သံလိုင်းမှ ထုတ်လွှင့်ခဲ့တာဖြစ်ပြီး တောင်ကိုရီးယားမှာ ထုတ်လွှင့်ပြသခဲ့ချိန်ကလည်း အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွဲ ရုပ်ရှင်တစ်ခုဖြစ်ပါတယ်။



ဩဂုတ် ၁၁ ရက်မှ ၁၆ ရက်အထိ ဂျပန်မဂ္ဂဇင်းတစ်ခုဖြစ်တဲ့ ViVi က အွန်လိုင်းကနေတစ်ဆင့် စစ်တမ်းတစ်ခုကောက်ယူခဲ့တာပါ။ ဂျပန်ပရိသတ်တွေအနေနဲ့ တောင်ကိုရီးယားဇာတ်လမ်းတွဲတွေအနက် ပြန်လည်ဆန်းသစ်ဖန်တီးထုတ်လုပ်စေချင်တဲ့ ရုပ်ရှင်တွေရဲ့စာရင်းကို မဲပေးစေခဲ့ရာမှာတော့ What's Wrong With Secretary Kim က မဲအရေအတွက်အများဆုံး ရရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါစာရင်းမှာ ပ့ါခ်ဆူဂျွန်ရဲ့ နောက်ထပ်ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ Itaewon Class က ဒုတိယမဲအများဆုံးရရှိခဲ့ကြောင်းလည်း သိရပါတယ်။

## ၂၀၂၃ မှာ မန်စီးတီးနဲ့ လမ်းခွဲပြီး နိုင်ငံအသင်းနည်းပြလုပ်ဖို့ မျှော်လင့်ထားတဲ့ နည်းပြဂွါဒီယိုလာ



နည်းပြဂွါဒီယိုလာဟာ မန်စီးတီးအသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းကုန်ဆုံးမယ့် ၂၀၂၃ ခုနှစ်အတွင်းမှာ မန်စီးတီးအသင်းနဲ့ လမ်းခွဲသွားဖို့ရှိတယ်လို့ တရားဝင် ပြောကြားလိုက်ပြီ ဖြစ်ပါတယ်။ ဒါ့ပြင် နည်းပြဂွါဒီယိုလာဟာ ကလပ်အသင်းနည်းပြအဖြစ်ကနေ နိုင်ငံလက်ရွေးစင် အသင်းနည်းပြဖြစ်လာဖို့ မျှော်လင့်ထားတယ်လို့လည်း ဆိုပါတယ်။

အသက် ၅၀ အရွယ် နည်းပြဂွါဒီယိုလာဟာ ၂၀၁၂ ခုနှစ်အတွင်းက ဘာစီလိုနာအသင်းနည်းပြအဖြစ်ကနေ နုတ်ထွက်ခဲ့ကာ တစ်နှစ်ကြာ နည်းပြဘဝကို စွန့်လွှတ်ခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ဂွါဒီယိုလာဟာ ၂၀၁၆ ခုနှစ်အတွင်းမှာ မန်စီးတီးအသင်းနည်းပြ ဖြစ်လာခဲ့တာ ဖြစ်ပါတယ်။ ဂွါဒီယိုလာဟာ မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလား သုံးကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်၊ လိဂ်ဖလားလေးကြိမ်ရယူဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ပါတယ်။



## ဝက်စ်ဘရွန်းကို ခြောက်ဂိုးပြတ်နဲ့ အနိုင်ရပြီး ကာရာဘောင်ဖလားနောက်တစ်ဆင့်တက်ခဲ့တဲ့ အာဆင်နယ်

အာဆင်နယ်အသင်းနဲ့ ဝက်စ်ဘရွန်းအသင်းတို့ဟာ ကာရာဘောင်ဖလားပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်အဖြစ် ဩဂုတ် ၂၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက ဝက်စ်ဘရွန်းအသင်းကို ခြောက်ဂိုးပြတ်နဲ့ အနိုင်ရရှိပြီး ကာရာဘောင်ဖလားပြိုင်ပွဲရဲ့ နောက်တစ်ဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို တိုက်စစ်မှူး အူဘာမီယန်က ဟက်ထရစ်သွင်းယူပေးခဲ့ပြီး ပီပီ၊ ဆာကာနဲ့ လာကာဇက်တီတို့က တစ်ဂိုးစီသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးသုံးဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး အူဘာမီယန်ဟာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်သက်သာလာချိန်မှာ ပထမဆုံးပွဲထွက်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ဝက်စ်ဘရွန်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကာရာဘောင်ဖလားပြိုင်ပွဲရဲ့ တတိယအဆင့်မှာ ဝင်ဘယ်ဒန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

## မန်စီးတီးကို ပြောင်းမယ်လို့သတင်းထွက်နေတဲ့ ဟယ်ရီကိန်း စပါးအသင်းမှာပဲဆက်ကစားဖို့ ဆုံးဖြတ်လိုက်ပြီ



နွေရာသီအပြောင်းအရွှေ့ ဈေးကွက်အတွင်းမှာ မန်စီးတီးအသင်းကို ပြောင်းရွှေ့ကစားမယ်လို့ သတင်းထွက်နေတဲ့ အင်္ဂလန်အသင်းခေါင်းဆောင် ဟယ်ရီကိန်းဟာ လက်ရှိမှာတော့ မန်စီးတီးအသင်းကို ပြောင်းတော့မှာ မဟုတ်ဘဲ စပါးအသင်းမှာပဲ ဆက်ကစားဖို့ ဆုံးဖြတ်လိုက်ပြီ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ စပါးအသင်းကနေ ထွက်ခွာဖို့ အသင်းဥက္ကဋ္ဌဖြစ်သူ ဒန်နီယယ်လီဗိုင်းနဲ့ သဘောတူညီမှုရရှိထားသူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် စပါးအသင်းကနေ ထွက်ခွာတော့မှာမဟုတ်တဲ့အပြင် ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝုလ်ဗက်အသင်းနဲ့ စပါးအသင်းတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ လူစားလဲကစားသမားအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ စပါးအသင်းနဲ့ချုပ်ဆိုထားတဲ့စာချုပ်ဟာ ၂၀၂၄ ခုနှစ်မှ ကုန်ဆုံးမှာဖြစ်ပြီး စပါးအသင်းမှာ ဆက်ကစားမယ်ဆိုတဲ့ ဟယ်ရီကိန်းရဲ့ ကတိကဝတ်ပြုမှုဟာ အပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းမယ့် ဩဂုတ် ၃၁ ရက်မတိုင်မီ ခြောက်ရက်အလိုမှာ ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။



## ယော်ဒန်းနစ်ယူဂတ်စ်ကို ရှုံးနိမ့်ပြီး အစားအသောက်စားဖို့ကိုပင် ဇနီးသည်ရဲ့ အကူအညီယူခဲ့ရတဲ့ ပက်ကွီယို

ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယိုဟာ ကျူးဘားလက်ဝှေ့ကျော် ယော်ဒန်းနစ်ယူဂတ်စ်ကို ရှုံးနိမ့်ခဲ့ပြီး ရက်ပိုင်းအတွင်း တင်ထားခဲ့တဲ့ ဗီဒီယိုဖိုင်တစ်ခုမှာ အစားအသောက်စားရာမှာတောင် ဇနီးဖြစ်သူက ခွန်းနဲ့ ခွံ့ကျွေးရတဲ့အခြေအနေဖြစ်ခဲ့ပြီး မျက်လုံးဖွင့်ဖို့ပင် အတော်လေးကြိုးစားခဲ့ရတာ ဖြစ်ပါတယ်။

အသက် ၄၂ နှစ်အရွယ် ပက်ကွီယိုဟာ ဒဗလျူဘီအေ ဝယ်တာဝိတ်တန်း ခါးပတ်ပြိုင်ပွဲအဖြစ် ဩဂုတ် ၂၁ ရက်က ကျူးဘားလက်ဝှေ့ကျော် ယော်ဒန်းနစ်ယူဂတ်စ်နဲ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ယော်ဒန်းနစ်ယူဂတ်စ်ကို ရှုံးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။

လက်ဝှေ့ကျော် ပက်ကွီယိုဟာ လက်ဝှေ့သမားဘဝကို ၂၆ နှစ်ကြာ ဖြတ်သန်းခဲ့ပြီးဖြစ်တာကြောင့် ယော်ဒန်းနစ်ယူဂတ်စ်နဲ့ ပွဲစဉ်အပြီးမှာ ကစားသမားဘဝကနေ အနားယူဖို့ စီစဉ်ခဲ့တယ်လို့လည်း သိရပါတယ်။

- ❖ ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့ စီစဉ်နေတဲ့ တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ ပြောင်းရွှေ့ကြေးကို ပီအက်စ်ဂျီအသင်းက ပေါင် ၁၈၈ သန်းအထိ လိုချင်နေတယ်လို့ သိရပါတယ်။
- ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဘရီမာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျာမန်ပိုကယ်ဖလားပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်က ၁၂ ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီး နှစ်ပေါင်း ၂၄ နှစ်တာကာလအတွင်းမှာ ဘိုင်ယန်မြူးနစ်အတွက် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။
- အာဆင်နယ် တောင်ပံကစားသမား ဝီလီယံဟာ ဘရာဇီးကလပ် ကိုရင်သီယန်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

## ဆရီနာဝီလျံ နဲ့ ဗီးနပ်ဝီလျံ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲကနေ ထွက်ခဲ့ရ

တင်းနစ်လောကရဲ့ နာမည်ကြီး တင်းနစ်မယ်နှစ်ဦးဖြစ်တဲ့ ဆရီနာဝီလျံနဲ့ ဗီးနပ်ဝီလျံတို့ဟာ ဒဏ်ရာကိုယ်စီရရှိထားတာကြောင့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲကနေထွက်ခဲ့ရပြီ ဖြစ်ပါတယ်။ အဲဒီလို ဆရီနာဝီလျံနဲ့ ဗီးနပ်ဝီလျံတို့ ထွက်ခဲ့ရတာကြောင့် မကြာမီကျင်းပမယ့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ နာမည်ကြီးကစားသမားအများစု ပြိုင်ပွဲနဲ့ လွဲခဲ့ရပြီဖြစ်ပါတယ်။

အသက် ၃၉ နှစ်အရွယ်ရှိ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံဟာ တံကောက်ကြောဒဏ်ရာရရှိခဲ့တာကြောင့် ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်နိုင်မှာမဟုတ်ဘဲ ဒဏ်ရာကနေ ပြန်လည်ကောင်းမွန်လာဖို့ အချိန်ယူရဦးမှာဖြစ်တယ်လို့ ဩဂုတ် ၂၄ ရက်က လူမှုကွန်ရက်စာမျက်နှာမှာ ရေးသားခဲ့ပါတယ်။



ဒါ့ပြင် ဆရီနာဝီလျံရဲ့ အစ်မဖြစ်သူ အသက် ၄၁ နှစ်အရွယ် ဗီးနပ်ဝီလျံကလည်း ခြေထောက်ဒဏ်ရာရရှိခဲ့တာကြောင့် အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။ ဆရီနာဝီလျံဟာ အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံ ခြောက်ကြိမ်ဖြစ်ထားပြီး ဗီးနပ်ဝီလျံဟာ အမေရိကန်အိုးပင်းတင်းနစ် ချန်ပီယံဆုကို နှစ်ကြိမ်ဆွတ်ခူးထားတာ ဖြစ်ပါတယ်။ ဆရီနာဝီလျံဟာ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံခုနစ်ကြိမ်၊ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံခုနစ်ကြိမ်နဲ့ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံသုံးကြိမ်အသီးသီး ရရှိထားသူလည်း ဖြစ်ပါတယ်။

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၃၀ ရက်တွင် စတင်ကျင်းပမှာဖြစ်ပြီး အမျိုးသားတင်းနစ်ကစားသမားတွေဖြစ်တဲ့ လက်ရှိချန်ပီယံ ဒိုမီနစ်သီယမ်၊ ရော်ဂျာဖက်ဒရာ၊ ရာဖေးလ်နာဒယ် စတဲ့နာမည်ကြီး တင်းနစ်ကစားသမားတွေလည်း အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲနဲ့ လွဲချော်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

ငွေကြယ် - ရေးသားသည်

## ပြည်တွင်းရေးရာ၊ ကြော်ငြာ

# ကိုဗစ်ကာလတွင် ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

ကသာ ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန ကသာခရိုင်ဦးစီးမှူးရုံး ရှိဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံး၌ ကျင်းပကြောင်း သိရသည်။



အဆိုပါ အခမ်းအနားတွင် ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ကူညီထောက်ပံ့ရခြင်း ရည်ရွယ်ချက်များကိုရှင်းပြပြီး ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများအား ကိုဗစ်ကာလ အခက်အခဲများ ထိုက်သင့်သလောက် အဆင်ပြေကြစေရန် ဝန်ထမ်းတစ်ဦးလျှင် ဆန် ငါးပြည်၊ ပဲဆီ ၅၀ ကျပ်သား၊ ငါးသေတ္တာဘူးကြီး တစ်ဘူး၊ ကြက်ဥ ၁၀ လုံးနှင့် ကြက်သွန်နီ တစ်ပိဿာစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**



# ဗန်းမောက်မြို့နယ်ရှိ တောင်ချောင်းကူးကွန်ကရစ်တံတား ရာနှုန်းပြည့်ပြီးစီး

ဗန်းမောက် ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဝန်းသို-ဗန်းမောက် လမ်းပေါ်ရှိ လိပ်စောမင်းကုန်းရွာအနီး တည်ဆောက်လျက်ရှိသည့် ပေ ၂၀၀ အရှည်ရှိ တောင်ချောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုကို ဗန်းမောက်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါတံတားကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၄၁၃ ဒသမ ၅ သန်းဖြင့် တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

### အချိန်မရွေး သွားလာနိုင်မည်

ယင်းချောင်းကူးနေရာသည် ယခင်က ဒေသခံပြည်သူများ ခက်ခဲစွာဖြတ်သန်းသွားလာနေရပြီး ယခုအခါ တံတားတည်ဆောက်ခြင်း ပြီးစီးပြီဖြစ်၍ ဗန်းမောက်ဒေသနှင့် ညောင်ကုန်း၊ ဒယူး၊ တောင်လယ်၊ နားမော်၊ ပါယ၊ ကန်တော်၊ မင်းကုန်း(လွင်ကြီး)ကျေးရွာများသို့ အချိန်မရွေး ဖြတ်သန်းသွားလာနိုင်ပြီး ဗန်းမောက်၊ ဝန်းသိုမြို့များနှင့် တစ်ဆက်တည်းဖြစ်သော ကောလင်းခရိုင်သို့လည်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**





## ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့



### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၄၆၇)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြို့မြေစာရင်းတွင် ဒေါ်ခင်မာမာ(EMDY-၃၀၉၄၁၁) အမည်ဖြင့် မှတ်သားထားသည့် မြေကွက်နှင့် အကျိုးခံစားခွင့်များကို ယခုလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်သင်းသင်းမော်[၁၂/မရက(နိုင်)၁၀၉၅၇၉]ထံမှ ဝယ်ယူရန် ကျွန်တော် ဦးထွန်းထွန်းနိုင်[၇/ဖမန(နိုင်)၀၉၅၀၃၃]မှ စရန်ငွေတချို့ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားပါမည်။

**ဆက်သွယ်ရန်-ဦးထွန်းထွန်းနိုင်**
**အမှတ်(၃၇၈)၊ ဂရုဏာ(၁၂)လမ်း၊ (၈၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။ ဖုန်း-၀၉-၇၈၆၆၁၁၆၁၂၊ ၀၉-၇၇၃၁၇၈၈၃၉**



### ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဆလုံဒူးဝါးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၉၁၉)၊ မြေအကျယ်အဝန်း ပေ(၄၀x၆၀) မြေ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိရှိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရဝဏ်(၁)လမ်း၊ အမှတ်(၁၄)၊ (၄-လွှာ) ခေါင်းရင်းခန်းနေ အဖ ဦးခင်လှိုင်၏ သမီး ဒေါ်ခင်သီတာဝင်း[၁၂/စခန(နိုင်)၀၀၀၆၇၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ဒေါ်ခင်သီတာဝင်း၏ခင်ပွန်းဖြစ်သူ ဦးသက်စိုး[၁၂/ရကန(နိုင်)၀၁၉၅၀၄]အနေဖြင့် ဗိုလ်ဇင်ယော်(အထူးအရာရှိ/မြန်မာ့သစ်လုပ်ငန်း-အငြိမ်းစား)၏ ဆက်ခံသမီး ဒေါ်သန်းသန်းဇင်ထံမှ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန၊ မြေချပါမစ် ဗိုလ်ဇင်ယော် အမည်မှတ်သားထားရှိသည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဆလုံဒူးဝါးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၉၁၉)၊ မြေအကျယ် ပေ(၄၀x၆၀) မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် ၅-၆-၁၉၉၄ရက်၌ ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူဖြစ်ပါသည်။

၂။ ဦးသက်စိုးအနေဖြင့် ၅-၈-၂၀၂၁ရက်၌ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရဝဏ်(၁)လမ်း၊ အမှတ်(၁၄)၊ (၄-လွှာ)၊ ခေါင်းရင်းခန်းနေအိမ်၌ ကွယ်လွန်သွားပါသောကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကျန်ရစ်သူတရားဝင်ဇနီး ဒေါ်ခင်သီတာဝင်းအနေဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ဦးသက်စိုးနှင့်လည်း တရားဝင်ကွာရှင်းပြတ်စဲခဲ့မှုမရှိခဲ့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၃။ သို့ပါ၍ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုအပေါ် အကျိုးခံစားတောင်းဆိုလိုပါက ဤကြေညာစာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ မြေချပါမစ်မူရင်း၊ စာချုပ်၊ ပြေစာမူရင်းများနှင့်တကွ ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်သီတာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်း(ဝါးခယ်မ)**
**(LL.B)(စဉ်-၈၀၂၀/၂၀၁၁)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၃/က)၊ ဘုရင့်နောင်လမ်းမ(ရေကန်ရှေ့)၊ ရန်ကုန်သစ်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်။ Ph:09-420118326,09-954471171**



### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ကရင်ဆိပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်( ၆၉၇) ဂရန်ကွင်း၊ ဦးပိုင်အမှတ် (၉/က-၁)ရှိ လယ်(၁.၇၉)ကေနှင့် ဦးပိုင်အမှတ် (၉/ခ-၁)ရှိ လယ်(၂.၃၅)ကေ၊ ဦးဇော်ဝင်း[၁၂/ပဇတ(နိုင်)၀၀၁၈၄၄] အမည်ပေါက် စုစုပေါင်း (၄.၁၄)ကေအနက်မှလယ်ဧရိယာ(၂.၆၅)ကေကို အမည်ပေါက်ဦးဇော်ဝင်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာသူ ဦးဇော်လင်း[၁၂/သဃက(နိုင်)၀၀၂၅၇၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေကအရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါလယ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂/၂၀၁၃)**
**အမှတ်(၃၇)၊ အရိုးကုန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉-၅၀၈၈၆၀၅**



### ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်-၃၁၉(က+ခ) ဟုခေါ်တွင်သော မြေကွက်(၂)ကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၀၊ မြေကွက်အမှတ်-၃၁၉/က၊ ဦးမြင့်ဌေးအမည်ပေါက် မြေကွက်နှင့် မြေကွက်အမှတ်-၃၁၉/ခ၊ ဦးခင်မောင်ဦး အမည်ပေါက်မြေကွက်(၁)ကွက်လျှင် အလျား ၂၀ပေxအနံ၆၀ပေစီ အကျယ်ရှိ ပါမစ်မြေ အမျိုးအစားမြေကွက်(၂)ကွက် နှင့်တကွ ယင်းမြေကွက်များနှင့်ပတ်သက်ဆက်နွှယ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်သီတာအောင် [၁၂/ဒဂတ(နိုင်)၀၉၆၀၂၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့်ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)စဉ်-၆၇၀၂**
**ယူနိုက်တက်ကွန်ဒို၊ အခန်း-၁၁၁၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊**
**ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**




# ရမည်းသင်းမြို့နယ်အတွင်း မိုးရာသီ ချည်မျှင်ရှည်ဝါ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ရမည်းသင်း ဩဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ မိုးရာသီ ချည်မျှင်ရှည်ဝါကို ကေ ၅၀၀ လျာထားရာ ယခုအခါ ကေ ၆၄၀ စိုက်ပျိုးပြီးဖြစ်၍ လျာထားကေထက် ပိုမိုစိုက်ပျိုးခဲ့သည်ဟု စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးရုံးမှ သိရသည်။

### စိုက်ပျိုးပြီးစီး

ထိုသို့ မိုးရာသီ ချည်မျှင်ရှည်ဝါ ကေ ၆၄၀ စိုက်ပျိုးပြီးစီးရာတွင် ရွှေတောင်(၁၀)ချည်မျှင်ရှည်ဝါမျိုး ၃၅၅ ကေ၊ ရွှေတောင်(၈) ၁၃၃ ကေ၊ ငွေချည်(၉) ၁၅၂ ကေ စိုက်ပျိုးခဲ့သည်ဟု သိရပြီး ရွှေတောင်(၁၀) ချည်မျှင်ရှည်ဝါမျိုးမှာ အစိုက်များကြောင်း သိရသည်။


ဝါကိုစိုက်ပျိုးပြီးပါက ဝါခင်းများအတွင်း ပေါင်းရှင်းခြင်း၊ ကြားထွန်လိုက်ခြင်း၊ သားခွဲခြင်း၊ ဆေးဖျန်းခြင်း အစရှိသော လုပ်ငန်းများ လုပ်ဆောင်ပေးရပြီး စိုက်ပြီးသုံးလခွဲအကြာတွင် ဝါများကောက်ယူရရှိနိုင်ပြီဖြစ်၍ နေ့စားအလုပ်သမားများလည်း အလုပ်အကိုင် ဝင်ငွေရရှိကြကြောင်း သိရသည်။

ဝါစိုက်တစ်ကေလျှင် ဝါပိဿာ ၅၀၀ မှ ပိဿာ ၆၀၀ အထိ အနည်းဆုံးထွက်ရှိနိုင်ပြီး ယခင်နှစ်က ဝါတစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ မှ ၁၅၀၀ ဝန်းကျင် ရောင်းချရကြောင်း ဝါစိုက်တောင်သူ တစ်ဦးက ပြောသည်။

မိုးရာသီ ချည်မျှင်ရှည်ဝါများကို သီတင်းကျွတ်လခန့်တွင် ကောက်ယူရရှိနိုင်မည်ဖြစ်ပြီး ယခုအခါ တောင်သူများမှာ ဝါအထွက်နှုန်းကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိကာ ဝါဈေးနှုန်းကောင်းမွန်ရေး မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ဓာတုစေတီဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုဆောင်ရွက်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း









[illegible]

[illegible] Account Transfer [illegible]

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်နုနုဆွေ

### အသက်(၁၀၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ်(၉-C)နေ (ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေ)၏ ချစ်လှစွာသောဇနီး၊ ဒေါ်နေနွယ်ဗဆွေ၊ နေစီဗဆွေတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်နုနုဆွေသည် ၂၄-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးချောင်းနှင့် ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေစင် မိသားစု**
**ဂိုးလ်ဒင်းပင်းယအင်ဗက်စ်မင့်န်ကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ လူမှုထူးချွန်ပထမဆင့်

### ဦးကိုကိုထွေး

ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်

### အသက်(၆၇)နှစ်

ဦးကိုကိုထွေး (ဥက္ကဋ္ဌ-တော်ဝင်မိသားစုကုမ္ပဏီလီမိတက်)သည် ၂၃-၈-၂၀၂၂(တနင်္လာနေ့) ည ၉:၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**A1 GROUP OF COMPANIES**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊

လူမှုထူးချွန်ပထမဆင့်

### ဦးကိုကိုထွေး

(ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်)

### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ်(၁၉)နေ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ မဝတ်ရည်ထွေး၊ မသီရိထွေးတို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ ကေခိုင်မျိုး၊ စုသက်မျိုးတို့၏ ကျေးဇူးရှင်အဘိုးဖြစ်သူသည် ၂၃-၈-၂၀၂၂ရက် ည ၉:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**တော်ဝင်မိသားစုကုမ္ပဏီ**
**တော်ဝင်စင်တာ ဝန်ထမ်းများ**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ချယ်(မော်လမြိုင်)

### အသက်(၈၇)နှစ်

မော်လမြိုင်မြို့နေ [ခေါ့ကြိုက်ဝှက်(ခ) ဦးကြာဝက်]၏ ဇနီး၊ (ဦးမင်းအောင်-ဒေါ်မြတ်မြတ်နွယ်)၊ ဦးမောင်မောင်-ဒေါ်နော်နော်၊ ဦးသက်လွင်-ဒေါ်ခင်အေးမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ အဘွား၊ မြစ်တစ်ယောက်၏ဘွားဘွား ဒေါ်ချယ်သည် ၂၅-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၄၅ နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၇)လမ်း(မြောက်)၊ အမှတ်(၂၈၄/၂၈၅) နေအိမ်၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်စောရင်

### အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ (၃၇)လမ်း၊ အမှတ်(၁၅၄)နေ (ဦးဘိုးရွှေ)၏ ဇနီး၊ ဒေါ်ဝင်းဝင်းမြင့်၊ ဦးဝင်းခိုင်-ဒေါ်သန်းသန်းဌေး၊ ဒုတိယဗိုလ်မှူးကြီး မိုးကျော်-ဒေါက်တာ သန်းသန်းထိုက် (ပါမောက္ခ-ဌာနမှူး၊ စက်မှုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်၊ မယဉ်မင်းသန့်၊ မထက်ရည်ဝင်းတို့၏ အဘွားသည် ၂၆-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၀:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးကျော်ကျော်ဝင်း(ခ)ဦးမောင်ဦး

Daddy's Kitchen-အဖေ့မီးဖိုချောင်၏ ပွဲ့ကိုင်ရှင်

### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အင်းယားရိပ်သာလမ်းနေ (ဦးသိန်းမောင်-ဒေါ်လှဝင်း)တို့၏ သားကြီး၊ [ဗိုလ်မှူးကြီးထွန်းစိန်(ငြိမ်း)-ဒေါ်သန်းသန်း]တို့၏ သားသမက်၊ ဦးဝင်းသိန်းနိုင်(ခ)ဦးပိကီ- ဒေါ်မီမီလွင်တို့၏အစ်ကိုကြီး၊ သရုပ်ဆောင် ဝတ်မှုန်ရွှေရည်၊ နဒီရွှေရည်တို့၏ ဘကြီး၊ ဒေါ်သိင်္ဂီ၏ ချစ်လှစွာသောခင်ပွန်း၊ ရွှေရည်ကိုဦး(ခ)သရုပ်ဆောင်ဖွေးဖွေး၊ မောင်ဒေင်ဦး(ခ)ဖိုးသားတို့၏ ချစ်လှစွာသောဖခင် ဦးကျော်ကျော်ဝင်း(ခ)ဦးမောင်ဦးသည် ၁၉-၈-၂၀၂၂ရက် ည ၁၀:၁၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၂၂ ရက် မွန်းလွဲ ၁၂:၂၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ဝမ်းနည်းကြေကွဲခြင်း

မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၏ တော်ဝင် (၅)ထပ် အထူးကုဆောင်နှင့်ဆေးရုံကြီး၏ လိုအပ်ချက်များ အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ လူမှုထူးချွန် ပထမဆင့် ဦးကိုကိုထွေး ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်၊ အသက်(၆၇)နှစ်သည် ၂၃-၈-၂၀၂၂ရက် ည ၉:၁၀ နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိလားရောက်ပါစေကြောင်း ဆုမွန်တောင်းအပ်ပါသည်။

**ဆေးရုံအုပ်ကြီးနှင့် ဆေးရုံဝန်ထမ်းများ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**

## “အပတိဋ္ဌ သားအဖြစ်မှစွန့်လွှတ်ခြင်း”

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်အေးမြင့် [၁၂/ဒဂန(နိုင်)၀၁၃၂၇၅]၏ အပတိဋ္ဌသားဖြစ်သူ ဦးဇော်ဖြိုးမြင့် [၇/ကတခ(နိုင်)၁၁၄၈၈၅]သည် ကျွန်ုပ်မိတ်ဆွေ၏ ဆိုဆုံးမမှုများကိုနာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူကာ ကျွန်ုပ်မိတ်ဆွေ၏ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ် ပြုလုပ်နေခြင်းကြောင့် ယနေ့မှစ၍ ၎င်းအား အပတိဋ္ဌ သားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဦးဇော်ဖြိုးမြင့်သည် ကျွန်ုပ်၏မိတ်ဆွေနှင့်အတူ နေထိုင်ခြင်းမရှိပါ၍ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန့်ရှုဂေးခလိန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၃၅)**
**အမှတ်(၁၀၃)၊ သဒ္ဓါရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၆၁၃၅၄၊ ၀၉-၇၈၆၅၂၄၅၁၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ နဝရတ်(၁)လမ်း၊ မြေတိုင်းမြေကွက်အမှတ်(၁၁၃၄)၊ ဧရိယာ ပေ(၄၀x၆၀)၊ ပိုင်ဆိုင်မှုဂရန်မူရင်းမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမိုးဝင်း[၇/သနပ(နိုင်)၀၈၃၆၃၉]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်ဇင်ထွေး**
**[၈/ပခက(နိုင်)၁၄၂၀၉၄]**
**အမှတ်(၄၁၆)၊ ဗိုလ်အောင်ကျော်လမ်း၊ (၁)ရပ်ကွက်၊**
**လှိုင်သာယာမြို့နယ်။ ဖုန်း-၀၉-၄၄၄၈၈၄၆၄၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ မြေကွက်အမှတ်(၁၀၉၁)၊ ဧရိယာ ပေ(၂၀x၆၀) ပိုင်ဆိုင်မှု ဂရန်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမိုးဝင်း [၇/သနပ(နိုင်)၀၈၃၆၃၉]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင့်ကျော်**
**[၈/ပခက(နိုင်)၁၈၇၉၄၃]**
**အမှတ်(၈၄/က)၊ စိန်ပန်းလမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်**
**ဖုန်း-၀၉-၇၇၉၉၃၃၃၅၁**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကိုကိုထွေး**

**ဥက္ကဋ္ဌ**

**တော်ဝင်မိသားစု ကုမ္ပဏီလီမိတက်**

**အသက်(၆၇)နှစ်**

အနုပညာကို ချစ်ခင်မြတ်နိုးလွန်းသူတစ်ဦး ဆုံးရှုံးရသည့်အတွက် ကျန်ရစ်သူမိသားစုနဲ့ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**ဗိုလ်ကလေးတင့်အောင်နှင့် မိသားစု**

---

## (၁)လပြည့်လွမ်းဆွတ်သတိရအမျှဝေခြင်း

**ဦးစိန်ဝင်း**

**Sein Win & Associate Audit Firm**

**Top Sein Win & Associate Consulting Limited**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တိုက်(၂၆၈)၊ အခန်း(၁၀)၊ ရန်ကင်းမြို့နယ်နေ ကျေးဇူးရှင်ခင်ပွန်း ဦးစိန်ဝင်း(ဦးစိန်ဝင်းနှင့်အဖွဲ့ စာရင်းစစ်လုပ်ငန်း)ကွယ်လွန်ခဲ့သည်မှာ ၂၇-၈-၂၀၂၁ ရက်တွင် (၁)လပြည့်ပြီဖြစ်သော်လည်း ယနေ့တိုင် ရှိနေသွားနေဆဲဟု ထင်မှတ်လျက်ရှိပါသည်။ အင်္ဂါနေ့တိုင်း ဆွမ်းကြွကိုယ်တော်များသို့ ဆွမ်းချိုင့်နှင့် သစ်သီးများကပ်လှူခြင်း၊ ၂၇-၈-၂၀၂၁ ရက်တွင် သိမ်ဖြူလမ်း၊ ပညာရာမိကမဟာ (A) ကျောင်းတိုက်တွင် မြတ်စွာဘုရားအမှူးထား၍ သံဃာတော်အရှင်မြတ်အား နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဖေကြီးရှိစဉ်အခါက နတ်တလင်းဓမ္မာရုံကြီးတည်ဆောက်ရေးတွင် စိတ်ရောကိုယ်ပါ အားထည့်ဆောင်ရွက်ခဲ့ခြင်း၊ ဓမ္မာရုံကြီးပြီးစီးရန် စိတ်အားထက်သန်စွာ မကြာခဏပြောဆိုလုပ်ကိုင်ခဲ့ခြင်းတို့ကြောင့် ဆောက်လုပ်ဆဲ ဓမ္မာရုံကြီးအတွက် ကွယ်လွန်သူ ဦးစိန်ဝင်းအားရည်စူး၍ အလှူတော်ငွေ ကျပ်သိန်းတစ်ရာတိတိကို လှူဒါန်းပါသည်။ ဇာတိဖြစ်သော နတ်တလင်းမြို့တွင် တည်ဆောက်နေသော အောက်စီဂျင်စက်ရုံအတွက် ကျပ်တစ်ဆယ်သိန်းတိတိကို လှူဒါန်းပါသည်။ ကိုယ်တိုင်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများနှင့် ကျန်ရစ်သူများပြုလုပ်ပေးသော ဒါနကုသိုလ်ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှကုသိုလ် ပေးဝေပါသည်။ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပြီး ရရှိခံစား၊ စံစားနိုင်ပြီး သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်ပါစေ။

ဖေကြီးရေ အမျှ…အမျှ…အမျှ

**ကျန်ရစ်သူမိသားစု**

---

## အထူးကျေးဇူးတင်ရှိခြင်း

**ဦးစိန်ဝင်း (၇၃)နှစ်**

**Sein Win & Associate Audit Firm**

**Top Sein Win & Associate Consulting Limited**

၂၇-၇-၂၀၂၁ ရက် နံနက် ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားသော ဦးစိန်ဝင်း နာမကျန်းဖြစ်စဉ်ကာလအတွင်း အစွမ်းကုန်ကြိုးစားကုသပေးခဲ့သော ဆရာဝန်ကြီးနှင့် သူနာပြုများအားလည်းကောင်း၊ အောက်စီဂျင်ခက်ခဲနေသည့် အချိန်ကာလတွင် အမြန်ဆုံးရရှိအောင်ဆောင်ရွက်ပေးသူများ အားလည်းကောင်း၊ နေမကောင်းဖြစ်နေသည့်ကြားမှ ဖခင်ကြီးအား လိုအပ်သည့်ဆေးဝါး၊ အစားအသောက်၊ အောက်စီဂျင်တို့အား နေ့မအား ညမအား ကြိုးစားဆောင်ရွက်ပြီး အားပေးစကားများ ပြောကြားပေးသော သားလေးအားလည်းကောင်း၊ အောက်စီဂျင်နှင့် ဆေးဖိုးအလှူငွေများပေးပို့သော မိတ်ဆွေများ၊ ကုမ္ပဏီပိုင်ရှင်များအားလည်းကောင်း၊ အစားအသောက်များပေးပို့သောရုံးမှ တပည့်များအားလည်းကောင်း၊ အဝေးမှနေ၍ နေ့စဉ်မိသားစုအားလုံးအတွက် လိုအပ်ချက်များကို ညွှန်ကြားပြောကြားပေးပြီး ဆေးများကိုလည်းပေးပို့သော တူမဆရာဝန်အားလည်းကောင်း၊ ပြည်ပမှနေ၍ အစားအသောက်များ မှာယူပို့ပေးသောအစ်မဖြစ်သူ မိသားစုအားလည်းကောင်း၊ ဝမ်းနည်းကြောင်း၊ ဖုန်း၊ အီးမေးလ်၊ Facebook တို့မှ ပြောကြားပေးသောသူများအားလည်းကောင်း၊ အိမ်တွင် Dead Body ရှိနေစဉ် သက်ပျောက်ဆွမ်းကပ်ခြင်း၊ သရဏဂုံကောင်းစွာတင်ပေးသော ဆရာတော်အားလည်းကောင်း၊ ရက်လည်အတွက် သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများပို့ဆောင်ပေးကြသော ပြည်တွင်း ပြည်ပမှ ဆွေမျိုးမိတ်ဆွေများနှင့် လုပ်ငန်းရှင်များအားလည်းကောင်း၊ နောက်ဆုံးခရီးတွင် ကောင်းမွန်စွာ သင်္ဂြိုဟ်နိုင်ရန် စီစဉ်ပေးသော နာရေးကူညီမှုအသင်း(ရန်ကုန်)အားလည်းကောင်း၊ ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ကျေးဇူးတင်လွှာအား နောက်ကျမှ ဖော်ပြရခြင်းမှာ ဖခင်ဖြစ်သူနာရေးနှင့် တစ်ဆက်တည်းဖြစ်သွား၍ ယခုတစ်လပြည့်မှ ပြောကြားရခြင်းကို အနူးညွတ်တောင်းပန်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကိုကိုထွေး**

**အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ လူမှုထူးချွန်ပထမဆင့်**

**ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်**

**အသက် (၆၇)နှစ်**

သီရိသုဓမ္မသိင်္ဂီဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ မဝတ်ရည်ထွေး၊ မသီရိထွေးတို့၏ဖခင်ကြီး ဦးကိုကိုထွေးသည် ၂၃-၈-၂၀၂၁ (တနင်္လာနေ့) ည၉:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)နှင့်**
**ဇနီး ဒေါ်နွယ်နီစမ်း**

---

**ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဦးအောင်မြတ်လမ်း၊ အမှတ်(၁၆)၊ ပထမထပ်(ခြေရင်းခန်း)၊ ဧရိယာ ပေ(၂၅x၅၅)ကျယ်ဝန်းသော တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။**

အဆိုပါတိုက်ခန်းကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးစိန်ကြီး [၁၂/မဂတ(နိုင်)၀၇၆၈၀၇]နှင့် ဒေါ်ခင်ခင်ဝင်း [၁၂/မဂတ(နိုင်)၀၁၄၂၄၈]တို့၏ အမွေဆက်ခံသားများဖြစ်ကြသော ၁။ ဦးအောင်နိုင်နိုင်[၁၂/မဂတ(နိုင်)၀၁၄၂၃၆]နှင့် ၂။ ဦးအောင်ဇော်ဇော်[၁၂/မဂတ(နိုင်)၀၆၃၈၇၉]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**(LL.B,D.B.L,D.M.L,D.I.L,D.L.P,WIPO(Switzerland))**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**(B.Sc,Hon(IC),H.G.P,R.L,D.B.L)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ တန်ဆောင်း ဒါယိကာမကြီး**

## ဒေါ်နုနုဆွေ

**ပုလောအသင်း(ရန်ကုန်)ဂုဏ်ထူးဆောင်နာယက**

**ရန်မျိုးအောင်စေတီဂေါပကအဖွဲ့နာယက**

**အသက်(၁၀၀)**

(ဦးလှိုင်ဖူး-ဒေါ်ထွန်းရွှေ)တို့၏သမီး၊ နိုင်ငံတော်ဝန်ကြီးချုပ်အငြိမ်းစား(ဦးဗဆွေ)၏ဇနီး၊ ဦးကျော်လွင်လှ-ဒေါ်နေနွယ်ဗဆွေ၊ ဦးနေမျိုးဗဆွေ-(ဒေါ်ထိပ်တင်မူ)၊ ဒေါ်နေကြည်ဗဆွေ၊ ဦးနေထွန်းဗဆွေ၊ ဒေါ်နေရီဗဆွေ၊ (ဦးနေဗလဗဆွေ)၊ ဦးနေညွန့်ဗဆွေ-ဒေါ်အေးအေးမြင့်၊ ဦးနေဖူးဗဆွေ- ဒေါ်စန္ဒာအေး၊ နေစိုးဗဆွေ-ဒေါ်နီလာမြင့်၊ ဦးနေမင်းဗဆွေတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၂ ယောက်တို့၏ အဘွား၊ မြစ်ငါးယောက်တို့၏ ဘွားဘွားသည် ၂၄-၈-၂၀၂၁ (အင်္ဂါနေ့) နံနက် ၂:၄၀ နာရီတွင် ကန်သာယာဆေးရုံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၁ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

COVID အချိန်ကာလဖြစ်ပါသောကြောင့် အိမ်တိုင်ရာရောက် သတင်းမေးခြင်းကို မပြုပါရန် ညှိုးငယ်သော စိတ်အားဖြင့် နားလည်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာ ဦးမျိုးတင့်**

**ရန်ကုန်တက္ကသိုလ် လှေလှော်အသင်း Captain (1955-56)**

**အသက်(၈၅)နှစ်**

ဒေါက်တာ ဦးမျိုးတင့် သဃ်န်းကျွန်း စံပြဆေးရုံအုပ်ကြီး (ငြိမ်း) ရန်ကုန်တက္ကသိုလ် လှေလှော်အသင်း Captain (1955-56) သည် ၂၃-၈-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တက္ကသိုလ်များ**
**လှေလှော်အသင်းသားဟောင်းများအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုထွေး (ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ)သည် ၂၃-၈-၂၀၂၁ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့်**
**သင်ကြားရေးဆေးရုံကြီးမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုထွေး (ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ)သည် ၂၃-၈-၂၀၂၁ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နှလုံးဆေးကုသဆောင်မိသားစု**
**မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့်**
**သင်ကြားရေးဆေးရုံကြီး**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

**ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၅၂)၊ ရွှေမြယာအိမ်ရာ(၂)၊ တိုက်အမှတ်(၈)၊ ၄-လွှာ၊ (Unit-G)၊ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။**

အဆိုပါ ကွန်ဒိုတိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မူမူအေး [၁၂/မဂတ(ဧည့်)၀၀၀၁၀၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**(LL.B,D.B.L,D.M.L,D.I.L,D.L.P,WIPO(Switzerland))**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**(B.Sc,Hon(IC),H.G.P,R.L,D.B.L)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ တန်ဆောင်း ဒါယိကာမကြီး**

## ဒေါ်နုနုဆွေ

**ပုလောအသင်း(ရန်ကုန်)ဂုဏ်ထူးဆောင်နာယက**

**ရန်မျိုးအောင်စေတီဂေါပကအဖွဲ့နာယက**

**အသက်(၁၀၀)**

(ဦးလှိုင်ဖူး-ဒေါ်ထွန်းရွှေ)တို့၏ သမီး၊ နိုင်ငံတော်ဝန်ကြီးချုပ်အငြိမ်းစား (ဦးဗဆွေ)၏ဇနီး၊ သားသမီး ၁၀ ယောက်တို့၏မိခင်၊ ဦးသားသားလှ၊ ဦးနေမျိုးဦး-ဒေါ်ရွှေစင်ထွန်း၊ ဦးစိုင်းဖောင်ခမ်း- ဒေါ်မာလာဆွေ၊ Mr.Andrew Annett-ဒေါ်စန္ဒာလှ၊ ဦးစိုးစိုးလှ-Mrs. Jennifer Hla၊ ဦးဇာနည်ဆွေ-ဒေါ်အေးသူသူအောင်၊ ဦးဝင်းမောက်၊ ဦးလင်းထက်ဆွေ၊ ဒေါ်ခွဲ၊ ဦးဝိစာရိန္ဒမထေရ်၊ ကိုနေဆန်းလင်း၊ မသီရိဗဆွေတို့၏ ချစ်လှစွာသောအဘွား၊ မောင်အောင်နေမျိုး၊ မောင်သီဟနေမျိုးထွန်း၊ မ Sophia Hla၊ မ အမရာခေတ်၊ မောင် Daniel Hla တို့၏ ဘွားဘွားသည် ၂၄-၈-၂၀၂၁ (အင်္ဂါနေ့) နံနက် ၂:၄၀ နာရီတွင် ကန်သာယာဆေးရုံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၁ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

COVID အချိန်ကာလဖြစ်ပါသောကြောင့် အိမ်တိုင်ရာရောက်သတင်းမေးခြင်းကို မပြုပါရန် ညှိုးငယ်သောစိတ်အားဖြင့် နားလည်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်တင်မော်(ကျိုက္ခမီမြို့)

**အသက်(၅၅)နှစ်**

ကျိုက္ခမီမြို့နေ (ဦးစိုးမြင့်-ဒေါ်သန်းနွယ်)တို့၏ ဒုတိယသမီး၊ ဦးထွန်းအေး-သီဟသုဓမ္မသိင်္ဂီ ဒေါ်အေးအေးမော် (စိန်ပင်လယ် စိန်ရွှေရတနာဆိုင်)တို့၏ညီမ၊ Dr. သန်းထိုက်ပိုင်-Dr. အိသဥ္ဇာလွင် (ရတနာပင်လယ် စိန်ရွှေရတနာဆိုင်)၊ ကိုကျော်ဇင်မျိုးထွဋ်-မလှဲလှဲဂျွန်ထွန်း (ရှိုင်းရယ် စိန်ပင်လယ်စိန်ရွှေရတနာဆိုင်)၊ Dr. ပြည့်ဖြိုးအောင်-Dr. ဇင်သူဇာအေး (ရွှေပင်လယ် စိန်ရွှေရတနာဆိုင်)တို့၏ ဒုတိယအဒေါ်သည် ၂၅-၈-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက်၁၁:၁၃ နာရီတွင် အာယုအင်တာနေရှင်နယ်ဆေးရုံ၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်တင်တင်မော် ကောင်းရာသုဂတိလားပါစေ။

**၁။ စိန်ပင်လယ် စိန်ရွှေရတနာဆိုင်**
**၂။ ရတနာပင်လယ် စိန်ရွှေရတနာဆိုင်**
**၃။ ရှိုင်းရယ်စိန်ပင်လယ် စိန်ရွှေရတနာဆိုင်**
**၄။ ရွှေပင်လယ်စိန်ရွှေရတနာဆိုင်အားလုံးမှ ဝန်ထမ်းများ**

---

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်**

## ဝမ်းနည်းကြောင်း

ဗသက(၄၃) သူငယ်ချင်းများထဲမှ လွန်ခဲ့သောတစ်ပတ်ကျော်က ကွယ်လွန်ခဲ့သောသူငယ်ချင်း ကိုမျိုးဇော်(ယုန်လေး) နှင့် သူငယ်ချင်း ကိုခင်မောင်ညွန့်(ကိုတာ) ၂၅-၈-၂၀၂၂ နေ့က ကွယ်လွန်ကြောင်းတို့ကို ကြားသိရသည့်အတွက် ကျန်ရစ်သောမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း ဖော်ပြအပ်ပါသည်။

**ဦးချစ်နိုင်**
**ပြည်ထောင်စုဝန်ကြီး**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခိုင်ခိုင်စော (ဗိုလ်ကြီး/ငြိမ်း)

စစ်သူနာပြုအပတ်စဉ်(၁၃)
(မြန်မာ့လက်ရွေးစင်သေနတ်ပစ်)

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ်(၁၉၂)၊ ဒုတိယထပ်နေ (ဦးအောင်သိန်း)-ဒေါ်နှင်းအေးတို့၏ သမီး ဒေါ်ခိုင်ခိုင်စောသည် ၂၄-၈-၂၀၂၂ (အင်္ဂါနေ့) ည ၈:၁၃ နာရီတွင် ရန်ကုန်မြို့၊ GRAND HANTHA HOSPITAL (ဂရင်းဟံသာဆေးရုံကြီး)၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်အေးကြည်

**အသက်(၈၁)နှစ်**

**မန္တလေး**

သူငယ်ချင်းဗိုလ်ကြီးနန်းမာလာ(ငြိမ်း)၏ မိခင်ဖြစ်သူ ဒေါ်ခင်အေးကြည်သည် ၂၅-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်သူနာပြုအရာရှိသင်တန်း အမှတ်စဉ်(၁၅)**
**သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီးခိုင်ခိုင်စော(ငြိမ်း)

**ဗဟိုအလုပ်အမှုဆောင်(EC-024)**
**မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်**
**နိုင်ငံ့လက်ရွေးစင်အားကစားသမားဟောင်း**

**အသက်(၆၂)နှစ်**

မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်၊ ရွှေတံဆိပ်ဆုရှင်၊ နိုင်ငံ့လက်ရွေးစင် အားကစားသမားဟောင်းဖြစ်သူ ဗိုလ်ကြီးခိုင်ခိုင်စော(ငြိမ်း)သည် ၂၄-၈-၂၀၂၂ (အင်္ဂါနေ့) ည ၈:၁၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်များနှင့် ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်စိုး

**RIT Civil 77th batch**
**Chief Engineer(Taw Win Myint Myat Thu Co.,Ltd)**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**အသက်(၇၀)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးဘဆက်-ဒေါ်လှရွှေ)တို့၏ သား၊ မော်လမြိုင်မြို့နေ (ဦးအောင်မြင့်-ဒေါ်ထားငွေ) တို့၏ သားသမက်၊ ဒေါ်ရီရီမြင့် (လက်ထောက်ညွှန်ကြားရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန-ငြိမ်း) ၏ ခင်ပွန်း၊ ဦးခင်ဆိုင်-ဒေါ်စန်း၊ ဦးဆက်မြင့်-ဒေါ်ဖြူဖြူတို့၏ ညီ၊ (ဦးထွေးအောင်)-ဒေါ်စန်းစန်းဝင်း၊ (ဦးကျော်ကျော်)တို့၏အစ်ကို၊ ဒေါက်တာဉာဏ်လင်းစိုး-ဒေါက်တာခိုင်သဉ္ဇာတင်၊ ကိုအောင်ထူးသက်တို့၏ဖခင်၊ မလင်းသီရိခေတ်၏ အဘိုး၊ တူ/တူမ ၁၀ ယောက်တို့၏ ဦးလေးသည် ၂၅-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ရဟန်းအမကြီး

## ဒေါ်လွင်လွင်မာ

**အသက် (၅၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်-၉၃(ဂျေ)နေ [ဗိုလ်မှူးမောင်မောင်မြင့်(ကြည်း-၆၉၅၀)-ဒေါ်ခင်သိန်း]တို့၏ သမီးငယ်၊ Mr.Simon James - ဒေါ်ပုလဲတို့၏ညီမ၊ ဦးသက်ထွန်းနိုင်-ဒေါ်မြင့်မြင့်ဌေးတို့၏အစ်မငယ်၊ မသံသာထူး၊ မောင်နေထူးလွင်၊ Dr.တွယ်တာထူးတို့၏ ချစ်လှစွာသောမိခင်၊ Dr.ဉာဏ်မင်းထွဋ်(သွား-ဆေး)၊ မဆုရတနာတို့၏ အဒေါ်ငယ်သည် ၂၃-၈-၂၀၂၂ (တနင်္လာနေ့) ည ၁၀:၁၂ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၄-၈-၂၀၂၂ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီး ကိုလေး(ငြိမ်း)

**ဗိုလ်သင်တန်းအပတ်စဉ်(၃၁)**

**အသက် (၈၀)**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများ (၂)ရပ်ကွက်၊ (၂၉/၂၆၈) နေ (ဦးဘညွန့်-ဒေါ်ပြုံးချို)တို့၏ သားထွေး၊ (ဒေါ်ခင်မမလေး)၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးသန်းဦးလေး)၊ (ဒေါ်လေးသီတာ)၊ ဦးအောင်ဇော်လေး(GM, မြဝတီဘဏ်)-ဒေါ်ထက်ထက်အောင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မသိမ့်ဝသုံလေး၊ မစိမ့်ယမုံလေးတို့၏ချစ်လှစွာသောအဘိုးသည် ၁၀-၈-၂၀၂၂ရက်တွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးစန်းလွင်

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ငြိမ်း)**

**အသက် (၆၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၁)၊ တင်ဆန်းလမ်းနှင့် မွေ့ပါလလမ်းထောင့်၊ နှစ်လွှာ (B)နေ (ဦးသူတော်-ဒေါ်အေးသန်း)တို့၏သား၊ ဒေါ်မြရီ၏ ခင်ပွန်းသည် ၂၅-၈-၂၀၂၂ ရက် ည ၁၀:၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသန်းဦးလေး

**B.Sc(Geology)**

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများ (၂)ရပ်ကွက်၊ (၂၉/၂၆၈)နေ [ဒုဗိုလ်မှူးကြီး ကိုလေး(ငြိမ်း)- ဒေါ်ခင်မမလေး]တို့၏ သားကြီး၊ (ဒေါ်လေးသီတာ)၊ ဦးအောင်ဇော်လေး(GM,မြဝတီဘဏ်)-ဒေါ်ထက်ထက် အောင်တို့၏ချစ်လှစွာသောအစ်ကိုကြီး၊ မသိမ့်ဝသုံလေး၊ မစိမ့်ယမုံလေးတို့၏ ချစ်လှစွာသောဘဘသည် ၅-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်လေးသီတာ

**B.Econ(Stats)**

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများ (၂)ရပ်ကွက်၊ (၂၉/၂၆၈)နေ [ဒုဗိုလ်မှူးကြီးကိုလေး (ငြိမ်း)-ဒေါ်ခင်မမလေး]တို့၏ ချစ်လှစွာသော တစ်ဦးတည်းသောသမီး၊ (ဦးသန်းဦးလေး)၏ညီမ၊ ဦးအောင်ဇော်လေး(GM.မြဝတီဘဏ်)-ဒေါ်ထက်ထက်အောင်တို့၏ ချစ်လှစွာသောအစ်မ၊ မသိမ့်ဝသုံလေး၊ မစိမ့်ယမုံလေးတို့၏ ချစ်လှစွာသော ကြီးကြီးသည် ၉-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးနေထွန်းအောင်(ခ)ဦးနေလင်းအောင်

**Head Chef at Parasol**

**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ ဗိုလ်ကြီးမောင်မောင်(ငြိမ်း)-ဒေါ်ခင်ညွန့်(မန်နေဂျာ-ငြိမ်း)တို့၏ ချစ်လှစွာသော သားထွေး၊ ဒေါ်ရည်ရည်ခင်-ဦးစန်းလွင်၊ ဦးရန်မျိုးနိုင်-ဒေါ်ခင်မေဦး၊ ဒေါ်မီမီခင်၊ ဒေါ်အိအိခင်တို့၏ ချစ်လှစွာသော ညီ/မောင်ငယ်လေး၊ (ဒေါ်မြင့်မြင့်ထွန်း)၏ ခင်ပွန်းသည် ၂၆-၇-၂၀၂၂ ရက် ညနေ ၃:၀၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၂ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ကိုချမ်းငြိမ်းအောင်

**အ.လ.က(၄) ရန်ကင်း၊ အ.ထ.က(၂) ရန်ကင်း**
**ကျောင်းသားဟောင်း**

**အသက်(၃၈)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၄)၊ သီရိဇေယျာလမ်း၊ ဘောက်ထော်ပြည်သာယာ၊ ရန်ကင်းမြို့နယ်နေ ဦးသောင်းဌေး (AE-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ဆွေဆွေညွန့် (B.Ed-အထပြ-ငြိမ်း)တို့၏ ချစ်လှစွာသောသားကြီး၊ မသဇင်အောင် (Director, Giving for the Earth)၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂၄-၈-၂၀၂၂ (အင်္ဂါနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပြီး ၂၅-၈-၂၀၂၂ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မူမူမြင့်

**အသက်(၆၂)နှစ်**

မင်္ဂလာဒုံမြို့နယ်၊ အမှတ်(F-1)၊ လေကြောင်းဦးစီးအရာရှိအိမ်ရာနေ (ဦးတင်မြင့်)-ဒေါ်မြရီတို့၏ သမီး၊ ဦးမြင့်ဦး-ဒေါ်ကြည်ကြည်သိန်း၊ (ဗိုလ်ကြီးစိန်မြင့်-ငြိမ်း)-ဒေါ်ကြည်ကြည်မြင့်၊ ဒုတိယဗိုလ်မှူးကြီးမြင့်စော(ငြိမ်း)-ဒေါ်ရီရီမြင့်၊ ဦးဝင်းမြင့်တို့၏ ညီမ၊ ဒုတိယဗိုလ်မှူးကြီးအုန်းလွင်(ငြိမ်း) (ကျွမ်းကျင်သူ-လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)၏ ဇနီး၊ ဗိုလ်ကြီးနိုင်ထူးလွင်-ဒေါက်တာဝေဝေအောင်တို့၏ မိခင်၊ မမေဥက္ကာသစ်၏အဘွား ဒေါ်မူမူမြင့်သည် ၂၅-၈-၂၀၂၂ ရက် ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မူမူမြင့်

**အသက်(၆၂)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးအုန်းလွင်(ငြိမ်း)၊ ကျွမ်းကျင်သူ လေကြောင်းပို့ဆောင်ရေးဦးစီးဌာန၏ဇနီး ဒေါ်မူမူမြင့်သည် ၂၅-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၂)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း

## Abdul Kareem Gulam(ခ) ဘာဘူဘိုင်(ခ) ဦးဝင်းမောင်

(ယခင် "ဝင်း" အော်တိုဝပ်ရှော့)

**အသက် (၇၇)နှစ်**

ရန်ကုန်မြို့နေ (ဦးGulamဘိုင်-ဒေါ်Mariam Bi Vaniya)တို့၏ သားငယ်၊ (Hj.Y.E.M. Patail-Hj. Rahmat Bi Patail)တို့၏ သားသမက်၊ (Hj.Rabiya Bi Gulam)၊ (Hj.Ebrahim Gulam-Hj.Rasheeda Sultana)တို့၏ မောင်/ညီ၊ Hj.Imraar Malim-(Hj.Khadijah Gulam)၏ အစ်ကို၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ ခြံအမှတ်(၁၁)နေ Shareefa Patail (ခ) ဒေါ်ဌေးကြည်၏ ချစ်လှစွာသောခင်ပွန်း၊ Feroza (ခ) ဒေါ်မာလာဝင်း-Imraan Shah (ခ) ဦးလင်းအောင်ဇော်၊ Faizal (ခ) ကိုရဲဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ Raiyan (ခ) မောင်ကောင်းမြတ်ပြည့်စုံ၊ Farhaan (ခ) မောင်ရဲရင့်ပြည့်စုံတို့၏ အဘိုး Abdul Kareen Gulam(ခ) ဦးဝင်းမောင်သည် ၂၇-၇-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် အထက်ပါနေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်ဝတ်ပြုမှုအပြီး ရေဝေးစွန္နီကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြုမြှုပ်နှံပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**သင့်**
**သွေး**
**ဖြင့်**
**အ**
**သက်**
**ကယ်**
**ပါ**

---

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းဗိုလ်ကြီးသန့်ဇော်လင်း(ငြိမ်း)-ဒေါ်ဘေဘီတင်တင်တို့၏ဖခင်ကြီး အရာခံဗိုလ်စိုးသိန်း အသက် (၈၀) နှစ်သည် ၂၄-၈-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း၊**
**အပတ်စဉ် (၃၈) သူငယ်ချင်း မိသားစုဝင်များ**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးစောအိုင်စင်

**ဦးစီးအရာရှိ(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေး**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အမှတ်(၄)၊ ရွှေမောင်အိုလမ်းသွယ်နေ (ဦးစောစံစီ-နော်မာရီနာ)တို့၏ သားကြီး၊ (ဦးစောရွှေဂေး)-နော်ရှဲဝေတို့၏သားသမက်၊ ဒေါက်တာ စောအယ်သော-နန့်ယဉ်မွန်ကျော်၊ စောအယ်ရှီး-နော်ဟယ်လင်တို့ဖခင်၊ နော်သောဝါး၏ ချစ်လှစွာသောခင်ပွန်း၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၅-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဘောလခဲပူးပေါင်းစစ်ဆေးရေးဂိတ်၌ PDF အဖွဲ့ဝင် ၁၀ ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## ကယားပြည်နယ်ရှိ အကြမ်းဖက် PDF အဖွဲ့များအား ထောက်ပံ့ပေးနေသူ သုံးဦးနှင့် အကြမ်းဖက် PDF အဖွဲ့ဝင် ၁၀ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၆**

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများ အပါအဝင် အစိုးရပိုင်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ အများပြည်သူသွားလာ လှုပ်ရှားလျက်ရှိသည့်နေရာများအား မိုင်းထောင်တိုက်ခိုက်ခြင်း၊ အပြစ်မဲ့လူပုဂ္ဂိုလ်များအား ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လုပ်ကြံသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည့် ကယားပြည်နယ်ရှိ အကြမ်းဖက် PDF အဖွဲ့များကို ငွေကြေး၊ ဝတ်စုံ၊ ရိက္ခာ၊ ဆေးဝါးများ ထောက်ပံ့ပေးလျက်ရှိသည့် မျိုးပပအား ဩဂုတ် ၁၂ ရက် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် Star City အိမ်ရာ အခန်းအမှတ် (A3/1023)၌ ဖမ်းဆီးရမိခဲ့သည်။

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ☆**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၈/၂၀၂၁) MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၈/၂၀၂၁)ကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MWD HD၊ MWD Variety၊ MITV၊ One News၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကြေးမုံ ယနေ့ဖတ်စရာ

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CDM ဝန်ထမ်းများအား ငွေကြေးထောက်ပံ့ပြီး PDF အဖွဲ့များထံ ငွေကြေး၊ ရိက္ခာနှင့် လက်နက်ခဲယမ်းထောက်ပံ့ပေးသူများအား ဖောက်ခွဲရေးပစ္စည်းများ၊ ရိက္ခာပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅

**ဆရီနာဝီလျံနဲ့ ဗီးနပ်ဝီလျံ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲကနေ ထွက်ခဲ့ရ**

စာမျက်နှာ » ၂၃

## မန္တလေးတိုင်းဒေသကြီးအတွင်း မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၁၅၀၀၀၀ ကျော် စိုက်ပျိုးသွားမည်

**မန္တလေး ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးတောင်သူများ ဝါသီးနှံမျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်သုံးစွဲ စိုက်ပျိုးနိုင်ရေးအတွက် မိုးကြိုချည်မျှင်ရှည်ဝါ လျာထားဧက ၁၅၀၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးခြင်းသည် တိုင်းဒေသကြီးအတွင်း ရေမြေဒေသအခြေအနေနှင့်ကိုက်ညီသည့် ဝါသီးနှံ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်သုံးစွဲ စိုက်ပျိုးနိုင်ရန်နှင့် ဝါစိုက်တောင်သူများ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ကုန်ကျစရိတ်လျော့နည်းပြီး ဝါသီးနှံအရည်အသွေး မြင့်မား၍ အထွက်တိုးလာစေရေးအတွက် မိုးကြိုချည်မျှင်ရှည်ဝါမျိုးကို စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ ယင်းမျိုးများကို ယနေ့အချိန်ထိ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်၍ ရာခိုင်နှုန်းအနေဖြင့် ၁၃ ဒသမ ၆၆ ရာခိုင်နှုန်းစိုက်ပျိုးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်အေးအေးမွန်က ပြောသည်။

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ***

